သည်မည်၏။ပြည့်တန်ဆာမ အစရှိကုန်သောသူတို့သည် တန်ဆာဆင်ခြင်း၏ အစွမ်းအားဖြင့် တင့်တယ်စေခြင်းအကျိုးငှါ သုံးဆောင်သကဲ့သို့ အချို့သောသူတို့သည်တန်ဆာဆင်ခြင်းအစွမ်းအားဖြင့်တင့်တယ်စေခြင်းအကျိုးငှါ သုံးဆောင်ကုန်၏။ ထိုသို့သုံးဆောင်ခြင်းသည် ဝိဘူသဏ္ဌ အကျိုးငှါ သုံးဆောင်သည်မည်၏။နန်းတွင်းသူမင်းမောင်းမအစရှိကုန်သောသူတို့သည်ဖားရားမြေသို့တွဲလျားချခြင်း၏ အစွမ်းအားဖြင့်၎င်း။ ခါးသေးတင်ကျယ်လှငယ်သော ဝမ်းရှိစေခြင်းအကျိုးငှါ နံပါးကို ညှတ်စေသည်၏အစွမ်းအားဖြင့် ဝတ်ရုံသကဲ့သို့အချို့သော သူတို့သည် ဝတ်ရုံကုန်၏။ ထိုသို့ဝတ်ရုံခြင်းသည် ဝိလမ္ဗနဏ္ဍအကျိုးငှါဝတ်ရုံသည်မည်၏။ ။ဤသို့စသည်ဖြင့် ဝတ်ရုံခြင်းသည်မသင့်သောအားဖြင့် မှီဝဲသုံးဆောင်သည်မည်၏။ ထိုသို့ဝတ်ရုံခြင်းကိုစွဲမှီ၍ များစွာသော ရာဂဒေါသမောဟမာနအစရှိသော အကုသိုလ် တရားတို့သည် ဖြစ်ပွါးကုန်၏။ ထိုအကုသိုလ်တရားတို့သည် ဣဏဟုဆိုအပ်သော ကြွေးမြီမည်ကုန်၏။ထိုအကုသိုလ်မြီတို့ကြောင့် အပါယဒုက္ခအစရှိသောအကျိုးတို့သည် ဖြစ်ကုန်လတ္တံ့။ထိုမြီကိုမဖြစ်စေမူ၍ သိတအစရှိသည်ကိုဖျောက်ခြင်း အကျိုးငှါ ဟိရိကောပိန ပဋိစ္ဆာဒနအကျိုးငှါ မှီဝဲသုံးဆောင်ပါ၏ဟု ဆင်ခြင်၍ သုံးဆောင်ရာ၏။ထိုသို့ဆင်ခြင်၍ သုံးဆောင်ခြင်းသည်ဆိုအပ်ခဲ့ပြီးသော များစွာသော အကုသိုလ်မြီတို့သည် မဖြစ်ကုန်။ မဖြစ်ခြင်းကြောင့် အပါယဒုက္ခ အစရှိသော်အကျိုးတို့သည် မဖြစ်ကုန်။ထိုအပါယဒုက္ခအစရှိသော ဆင်းရဲဒုက္ခတို့ကို မဖြစ်စေခြင်း အကျိုးငှါ အသင့်အားဖြင့် ဆင်ခြင်၍ သုံးဆောင်အပ်၏ဟု သိတသည ပဋိသင်္ခာတာယ အစရှိသည်ကို ဘုရားသဗ္ဗညုဟောတော်မူ၏။

ဟိရိကောပိနန္တိတံတံ သဗ္ဗတ္ထဉ္ဉာနံ၊ ယသ္မိံယသ္မိံဟိ အင်္ဂေဝိဝရမာနေဟိရိ ကုပ္ပတိဝိနသ္သတိ တံတံဟိရိကောပနတော ဟိရိကောပိနန္တိ ဝုစ္စတိ၊ တသ္သစဟိရိကောပိနသ္သ ပဋိစ္ဆာဒနဋ္ဌန္တိ ဟိရိကောပိန ပဋိစ္ဆာဒနဋ္ဌံ၊ဟုဝိသုဒ္ဓိမဂ်ဋ္ဌဝိနိစ္ဆယေ။ ။ဣကား။ ဘိန္နာဓိကရဏာဒ္ဌသမာသ်တည်း။ ။ဟိရိတဗ္ဗဋ္ဌေနဟိရိ။ ။ကုပ်ဒ္ဓဝဓာရဏံပဋိစ္ဆာဒနံ အရဟာတိတိ ကောပိနံ။ ။ဟိရိစတံကောပိနဋ္ဌာတိ ဟိရိကောပိနံ။ ။ဂင်းဝိသုဒ္ဓိမဂ် မဟာဋီ

ကာ။ ။ဤကားတုလျာမိ ကရဏာတ္ထသမာသ်တည်း။ ။ဤအလိုသော် ရှက်အပ်သည်ဖြစ်၏ အဖြစ်ကြောင့် ဟိရိမည်သော အဝတ်ပုဆိုးတို့ဖြင့် ဖုံးလွှမ်းခြင်းငှါ ထိုက်သော အင်္ကျီကြီးငယ်ကို ဖုံးလွှမ်းခြင်းအကျိုးငှါ ဤသို့ အနက်ပေးရာ၏။ ။ဤတွင်ပါဠိတော်နည်းအားဖြင့် ပဋိသင်္ခါယောနိသော စိဝရံ ပဋိသေဝတိဟု နာမယောဂ ပစ္စုပ္ပန်ကာလဟော။ ။ဝတ္တမာန် ဝိဘတ်ဖြင့် ပစ္စည်းကို သုံးဆောင်ရာဖြစ်သော ပစ္စုပ္ပန်ကာလကို ပြတော်မူအပ်၏။ရဟန်းသည်မိမိသည် ဆင်ခြင်အပ်၏ဟုအမှယောဂဝတ္တမာန် ဝိဝိဘတ်ဖြင့်၊ ဆရာကြီးဆရာမြတ် ကျမ်းတတ်ပုဂ္ဂိုလ်ကျော်တို့သည် ရှုတ်ဘတ်သုံးစွဲတော်မူကြကုန်၏။ ။ဝိနယာလင်္ကာရဋီကာလည်း အမှယောဂဖြင့် ရှုတ်အပ်သည်ဟုပြတော်မူ၏။ အဋ္ဌကထာနည်းအားဖြင့်ကား ပစ္စုပ္ပန် အတိတ်ကာလနှစ်ပါးတို့၌ ဆင်ခြင်သော်လည်းပစ္စယသန္နိဿိတသီလသည် ပြည့်စုံ၏ဟု မိန့်အပ်ကုန်၏။ ။ဝိသုဒ္ဓိမဂ် မဟာဋီကာ၌ကား ပဋိသင်္ခါယောနိသော စိဝရံ ပဋိသေဝတိ အစရှိသည်ဖြင့် ပစ္စည်းကို သုံးဆောင်သောကာလ၌ ဆင်ခြင်ရာသော အခြင်းအရာကို ဟောတော် မူသော်လည်း ဓာတုသညာ၏ အစွမ်းအားဖြင့်ဂုဏ် ပဋိကူလသညာ၏ အစွမ်းအားဖြင့်ဂုဏ် ဆင်ခြင်သည်ရှိသော် ပစ္စယသန္နိဿိတ သီလသည်ဖြည့်စုံ၏ဟု အပဂရဝါဒကို ပြအပ်၏။

ကေစိဆရာတို့မူကား မဟာပစ္စဝေက္ခဏာအားဖြင့်သာလျှင် ဆင်ခြင်အပ်၏။ ဓာတုသညာပဋိကူလသညာဖြင့်ဆင်ခြင်သော်လည်း ပစ္စယသန္နိဿိတသီလသည်ပျက်သည်သာဟူကုန်၏။ ဧကေဆရာတို့မူကား။မသုံးဆောင်မီရှေးအဘို့ကပင်လျှင် ဓာတုသညာ၊ပဋိကူလသညာကိုဆင်ခြင်၍ သုံးဆောင် ခြင်းသည် ပစ္စယသန္နိဿိတသီလ ဖြည့်စုံသည် သာလျှင်တည်းဟုဆိုကုန်၏။ဤသို့အပဂရဝါဒ၊ကေစိဝါဒ၊ ဧကေဝါဒတို့ကို ထုတ်၍ပြတော်မူအပ်ကုန်၏။ ။ထို့ကြောင့်။ ဣတ္ထစပဋိသင်္ခါ ယောနိသောတိ အာဒိကာမံ ပစ္စယပရိဘောဂကာလေနဝုစ္စတိ ဓာတုဝသေနပန ပဋိကူလဝသေနေဝ ပစ္စဝေက္ခဏာယပစ္စယသန္နိဿိတသီလံ သုဒ္ဓန္တိတိ အပဂရေ။ ဘိဇ္ဇတိတိကေစိ၊ ဧကေပနပဋမံ ဇဝပရိယာဟတ္တာ့နိဝဒန္တိ။ ဝိမံသိတဗ္ဗံ။ ။ ဟုဝိသုဒ္ဓိမဂ်မဟာဋီကာ၌မိန့်အပ်ပြီ။

[ဤသို့ အထူးထူးအယူဝါဒဖြားသော်သည်း။ ဝိသုဒ္ဓိမဂ်စာကိုယ်၌ ပင်ဓာတုသညာ ပဋိကူလသညာကို ဆင်ခြင်၍ သုံးဆောင်ခြင်းသည် ပစ္စယသန္နိဿိတသီလပြည့်စုံ၏ဟု အထက်၌ ပြန့်လတ္တံ့ ဖြစ်သောကြောင့် ဓာတုသညာပဋိကူလသညာဖြင့်ဆင်ခြင်၍သုံးဆောင်ခြင်းသည်လည်းပစ္စယသန္နိဿိတသီလပြည့်စုံ၏ဟု မှတ်ရာ၏။]

သင်္ကန်းကိုဓာတုသညာဖြင့် ဆင်ခြင်လိုမူကား။ "ဓာတုမတ္တကံယဒိဒံစီဝရံ တဒထုပမံပရိဘုဉ္ဇော်ပုဂ္ဂလော၀ိ ဓာတုမတ္တကမေ၀ဟု ဆင်ခြင်ရာ၏။ "ပဋိကူလသညာဖြင့်ဆင်ခြင်လိုမူ။ "၀ဏ္ဏာဂန္ဓရသသမ္ပန္နံ ဣဒံ စီဝရံ အဇိဂုစ္ဆနိယံ ဣမံမမပူတိကာယံ ပတ္ဝါပန အတိဝိယာဇိဂုစ္ဆနိယဘာ၀ံပါပုဏိသ္သတီဟု ဆင်ခြင်ရာ၏။ "ဤကား။ စီဝရ၌ အကျဉ်းဖြစ်သော အဓိပ္ပါယ်တည်း။

(၂) ဝိဏ္ဍပါတသိက္ခာပဒဂဏ္ဌိ။

(၂) ဝိဏ္ဍပါတံ၌ ဝိဏ္ဍပါတဟူသည် အာဟာရ အကျိုးငါ ပြုအပ်သောခဲဘွယ်ဘောဇဉ်စသောအာဟာရပင်တည်း။ "ထို့ကြောင့်။ ဝိဏ္ဍပါတန္တိယံကိုပြုအာဟာရံဟု ပြန်အပ်ပြီ။ "မဟာဋီကာ၌လည်း။ "ယံကိုပြု အာဟာရန္တိ့ ခါဒနီယ ဘောဇနီယာဒိဘေဒံ ပဏီတဘောဇနံ အာဟာရိတဗ္ဗ ဝတ္ထုံ။ "ဟုပြန်အပ်ပြီ။ "နေ၀ဒ၀ါယဟူသော ပုဒ်ကို မောဟ၏ အကြောင်း ဥပနိဿယကိုပယ်ခြင်းအကျိုးငါသာလျှင် ဟောတော်မူအပ်၏။ အဘယ်ကြောင့် နည်းဟူမူကား။ အစာအာဟာရသည် မြူးထူးကစားခြင်းကို ဖြစ်စေတတ်၏။မြူးထူးကစားခြင်းသည် မောဟကို ဖြစ်စေတတ်၏။ မောဟသည်လည်း မြူးထူးကစားခြင်းကိုပင် ဖြစ်စေတတ်၏။မြူးထူးကစားခြင်းသည် မောဟ၏ အကြောင်းဖြစ်၏။ မောဟသည် နောင်လာလတ္တံ့ ဘ၀ဂတိတို့၌ အပါယဒုက္ခအစရှိသော ဘေးဘယကို ဖြစ်စေတတ်၏။အကြောင်းဖြစ်သောမြူးထူးခြင်းကို ပယ်သဖြင့်အကျိုးဖြစ်သော မောဟကိုပယ်ရ၏။ ၎င်းအကြောင်းဖြစ်သော မောဟကို ပယ်သဖြင့် အကျိုး

ဖြစ်သော အပါယဒုက္ခအစရှိသော ဒုက္ခဘေးဘယအပေါင်းကို ပယ်ရ၏။ ၍အလုံးစုံကို ပယ်စေခြင်းငှါ နေဝဒဝါယ ဟူသောပုဒ်ကို ဟောတော်မူအပ်၏။ ။ထို့ကြောင့်။ ။ထွေစ နေဝဒဝါယာတိဇေတံ ဖောဟူပနိဿယပစ္စယာနုဇ္ဇံဝုတ္တံဟု ဝိသုဒ္ဓိမဂ်၌မိန့်အပ်ပြီ။

အာဟာရသည် ခွန်အားဗလကို ဖြစ်စေတတ်၏။ဗလသည်ဗလမာန်ကိုဖြစ်စေတတ်၏။ ဗလမာန်သည်ဒေါသကိုဖြစ်စေတတ်၏။ ။တနည်းကား။အာဟာရသည် ငါယောကျ်ားဟူ၍ ဖြစ်သော မာနကိုဖြစ်စေတတ်၏။ ထိုမာနသည် ဒေါသကိုဖြစ်စေတတ်၏။ ။တနည်းလည်း၊အာဟာရသည် အသစ္ဆမ္မ သေဝနာ ဟု ဆိုအပ်သော မေထုန်မှိဝဲခြင်းကို ဖြစ်စေတတ်၏။ ထိုမေထုန်မှိဝဲခြင်းကို မှီ၍ဖြစ်သော မာနသည်၎င်း ရာဂသည်၎င်း ပုဂ္ဂိုလမဒမည်၏။ ထိုပုဂ္ဂိုလမဒသည် ဒေါသကို ဖြစ်စေ တတ်၏။ ထိုအလုံးစုံသော ရာဂဒေါသမာန အစရှိသောအကုသိုလ်တရားတို့သည် အပါယဒုက္ခအစရှိသော ဒုက္ခအပေါင်းကို ဖြစ်စေတတ်၏။အကြောင်းဖြစ်သောဗလမာန် ပုဂ္ဂိုလမာန်ကိုပယ်သဖြင့် အကျိုးဖြစ်သော ဒေါသကိုပယ်ရ၏။ အကြောင်းဖြစ်သောရာဂဒေါသမာနအစရှိသောအကုသိုလ်ကိုပယ်သဖြင့်အကျိုးဖြစ်သောအပါယဒုက္ခအစရှိသည်ကိုပယ်ရ၏။၍အလုံးစုံကို ပယ်စေခြင်းငှါ။နမဒါယဟူသောပုဒ်ကို ဟောတော်မူအပ်၏။ထို့ကြောင့်၊ ဝိသုဒ္ဓိမဂ်၌။နမဒါယာတိဇေတံဒေါသူပနိဿယပစ္စယာနုဇ္ဇံ၊ဟု မိန့်အပ်ပြီ။

အစာအာဟာရကိုမှီဝဲသုံးဆောင်ခြင်းသည်နှလုံးသွင်းသို့လိုက်၍မဏ္ဍာန ဝိဘူသန အကျိုးသည်ဖြစ်၏။မဏ္ဍာနဝိဘူသနအကျိုးသည်ရာဂကို ဖြစ်စေတတ်၏။ ရာဂသည် အပါယဒုက္ခကို ဖြစ်စေတတ်၏။ မဏ္ဍာနဝိဘူသနဟူသောအကြောင်းကို ပယ်သဖြင့် ရာဂဟူသောအကျိုးကိုပယ်ရ၏။ ရာဂဟူသောအကြောင်းကိုပယ်သဖြင့် အပါယဒုက္ခအစရှိသောအကျိုးကိုပယ်ရ၏။၍အလုံးစုံကို ပယ်စေခြင်းငှါ နမဏ္ဍာနာယ နဝိဘူသနာယဟူသောပုဒ်ကို ဟောတော်မူအပ်၏။ ။ထို့ကြောင့်ဝိသုဒ္ဓိမဂ်၌။ ။နမဏ္ဍာနာယ နဝိဘူသနာယာတိဇေတံ ရာဂူပနိဿယပစ္စယာနုဇ္ဇံ။ဟု၊ မိန့်အပ်ပြီ။

အလုံးစုံလေးပုဒ်လုံးဌ ပင်လျှင် ရာဂ ဒေါသမာန စသော အကုသိုလ်တရားကို ပယ်ရခြင်းအကျိုးရှိ၏။ ရှိသော်လည်း ဖြောင့်ဖြောင့် ဆန့်ကျင်

ဘက်၏အစွမ်းအားဖြင့် အသိးအသိးခွဲခြမ်းဝေဘန်၍ ပြအပ်၏။ ။နေဝ ဒဝါယ နမဒါယ ဟူသော်နှစ်ပုဒ်ကိုမိမိ၏သံယောဇဉ်၏ ဖြစ်ခြင်းကိုဖြစ် ခြင်းငှါ ဟော်တော်မူအပ်၏။ ။နမဏ္ဍာနာယနဝိဘူသနာယ ဟူသော်နှစ်ပုဒ် ကို သူတပါး၏ဂုင်း မိမိ၏ဂုင်း သံယောဇဉ်၏ ဖြစ်ခြင်းကို ဖြစ်ခြင်းငှါ ဟောတော်မူအပ်၏။ ။နေဝဒဝါယ နမဒါယ နမဏ္ဍာနာယ နဝိဘူသနာ ယ ဟူသော လေးပုဒ်တို့ဖြင့် မသင့်သောအားဖြင့်ဖြစ်သော မိစ္ဆာပဋိပတ် ကိုဂုင်း ကာမသုခလွှဲကာနုယောဂကိုဂုင်း ပယ်ခြင်းငှါ ဟောတော်မူအပ် ၏။ ။ဣမသ္မာ ကာယသ္မာ ဒုတိယာ ယာပနာယ ဟူသော ပုဒ်ဖြင့်ကား အိမ့်ရှင်သည် ဟောင်းလေဖြိုးသော အိမ်အိုကို ထောက်တို့ ပေးသကဲ့သို့ ဂုင်း၊ ဗွဲညှိုးမှုးသည်ဗွဲညှိုးဝင်ရိုးကို ခိုင်စိမ့်သောဌါ ဆိုဖြင့်သုတ်သကဲ့သို့ ဂုင်း၊မဟာဘုတ်လေးပါးကို မှီသော ဤစတုသမုဋ္ဌာနိကကာယ၏ပြုတ် ဖြစ်၍ရှည်မြင့်စွာ တည်စေခြင်းအကျိုးငှါ မှီဝဲပါ၏။ နဒဝမဒမဏ္ဍာနဝိဘူသ နဏ္ဍံဗွန်း၊ဝိဟိံသုပရိတိယာဟူသော ပါဠိဖြင့်အိုင်း အမာရှိသောသူသည် အနာကိုဆေးလိမ်းကျံသကဲ့သို့ မွတ်သိပ်ဆာလောင်ခြင်းဖြင့်နှိပ်စက်ခြင်း ကိုဖျောက်ခြင်းအကျိုးငှါမှီဝဲသုံးဆောင်ပါ၏။နေဝဒဝါယစသည်ဖြင့်ဗွန်း။

ဗြဟ္မစရိယာနုဂ္ဂဟာယ ဟူသောပါဠိဖြင့်။ ခရိုးခဲမှ ထွက်မြောက်ခြင်း ငှါ အလိုရှိသော မိန်းမ ယောကျ်ားဟု ဆိုအပ်ကုန်သော အမိအဘ တို့ သည်၊ သား၏အသားကို စားသကဲ့သို့ဂုင်း၊ မြစ်ကို ကူးလိုကုန်သောသူ တို့သည်၊ ဝါးဖောင် သစ်ဖောင်တို့ကို မှီကုန်သကဲ့သို့ဂုင်း။ သမုဒ္ဒရာကို ကူးလိုကုန်သော သူတို့သည် သင်္ဘောလွှဲကို မှီကုန်သကဲ့သို့ဂုင်း၊ဆွမ်း ကဲ့မှီဝဲ သုံးဆောင် ခြင်းကြောင့် ဖြစ်သော ကာယဗလကို မှီ၍ ဆိက္ခာ သုံးပါးကို ဖြည့်ကျင့်သည်၏ အစွမ်းအားဖြင့် သုံးပါးသော ဘဝကန္တာရ မှ ထွက်မြောက်ခြင်းအကျိုးငှါ ကျင့်သည်ရှိသော် မြတ်သောအကျင့်ကို ချီးမြှင့်ခြင်းအကျိုးငှါ မှီဝဲပါ၏။ ။နေဝဒဝါယစသည်ဖြင့်ဗွန်း။ ။ဆွမ်းကို မစားခြင်းကြောင့် မွတ်သိပ် ဆာလောင်ခြင်း တည်းဟူသော ဝေဒနာ သည် အပေါ်ဂုင်းဖြစ်သော ဝေဒနာ မည်၏။အတိုင်းအရှည်မရှိ ပမာဏ ကိုလွန်၍ စားခြင်းကြောင့်ဖြစ်သော ဝမ်းသွန်ခြင်း,အော့အန်ခြင်း စသော ဝေဒနာသည် အသစ်ဖြစ်သော ဝေဒနာမည်၏။ကြိုးစွာသောအိုင်းအမာ

ရှိသော်သူသည်ထိုဒါရိုင်းအမာကို ဆေးပတ်ဖြင့်ထိတ်သကဲ့သို့ အဟောင်း အသစ်ဖြစ်သောဝေဒနာကိုဖျောက်ခြင်းမဖြစ်စေခြင်းအကျိုးငှါဖြစ်ပေ၏။

ငါးယောက်သောပုဏ္ဏားတို့၏ စားခြင်းကဲ့သို့အတိုင်းအရှည်ပမာဏကိုလွန်၍မစားပါ။ ။စားရာအရပ်၌ အာဟာရကိုစားပြီး၍ မထနိုင်ခြင်းကြောင့် လက်ကိုဆွဲ၍ ထူရအောင် စားသော ပုဏ္ဏားသည် အာဟာရဟတ္ထကပုဏ္ဏားမည်၏။ ထကားထနိုင်၏၊ဖိုက်စူနဲ့ကား စားခြင်းကြောင့် ဝိဝိပုဆိုးကို ဝိဝိမဝတ်နိုင်သည်ဖြစ်၍ သူတပါးတို့ ဝတ်၍ ပေးရအောင် စားသောပုဏ္ဏားသည်၊ အလံသာဒုကပုဏ္ဏား မည်၏။ ထိုစားရာအရပ်၌ မထနိုင်၍အိပ်လျက် လူးလည်းထျက်နေရအောင် စားသောပုဏ္ဏားသည် တတြဝဋ္ဋကပုဏ္ဏား မည်၏။ ဝမ်းမှသည် လည်ချောင်း၊ လည်ချောင်းမှသည် ခံတွင်း၊၌အလုံးရုံကိုပြည့်သည်ဖြစ်၍ ကျိုးနွံကဲ့အောင်စားသော ပုဏ္ဏားသည်၊ ကာကမာသကပုဏ္ဏား မည်၏။ စားပြီးသည်၏အခြားမဲ့၌ အနှံအောင် စားသော ပုဏ္ဏားသည် ဘုတ္တဝမိတကပုဏ္ဏား မည်၏။ ထိုငါးဦးသောပုဏ္ဏားတို့၏ စားခြင်းသည် အပြစ်မရှိသောခဲဘွယ်ဘောဇဉ်ကို အပြစ်ရှိအောင်ပြုသည် မည်၍၊ ဝိဝိ၏ ဝမ်းအတိုင်းအရှည် ဝမ်းဗိုက်အတိုင်းအရှည်ဖြင့်သာ သုံးဆောင်ရာ၏ ဟူလိုသည်။

တနည်းလည်း။ အာဟာရကို မစားခြင်းကြောင့် ဖြစ်သော ဝေဒနာ. သည် အဟောင်း ဖြစ်သော ဝေဒနာမည်၏။ ထိုဝေဒနာသည် ပွါးလတ်သည်ရှိသော် အင်္ဂါကြွေးငယ် တို့၏ ပူပန်ခြင်း တံကျင်လျှိုသကဲ့သို့ ဖြစ်ခြင်း မူးဝေခြင်း အစရှိသော ဝေဒနာသည် အသစ်ဖြစ်သောဝေဒနာမည်၏။ ထိုဝေဒနာတို့ကို ဖျောက်ခြင်း မဖြစ်စေခြင်း အကျိုးငှါဖြစ်၏။ ။ တနည်းလည်း၊ ယခုဘဝ၌ မသင့်တင့် မလျောက်ပတ်သော အာဟာရကိုစားခြင်းကိုလင်း၊ သင့်တင့်လျောက်ပတ်သော အာဟာရကိုသော်လင်း၊ အတိုင်းအရှည်ကို လွန်၍ စားခြင်းကိုမှီ၍ မကောင်းကျိုး ပေးစွင့်ကိုရ၍ ရှေးကံဟောင်းကြောင့်ဖြစ်သော ဝေဒနာသည် ပုရာဏဝေဒနာ မည်၏။ ထျောက်ပတ်သောဘောဇဉ်ကို အတိုင်းအရှည်ရှိသော သုံးဆောင်ခြင်းဖြင့် ထိုဝေဒနာ၏ အကြောင်းဖြစ်သော ကံဟောင်း၏ အစွင့်ပေးခြင်းကို ဖျက်ဆီးသည်ရှိသော် အဟောင်းဖြစ်သော်ဝေဒနာကို ဖျောက်သည်မည်

၏။ ပရိယာယ်၊ သြဘာသ၊ နိဗ္ဗိတ်၊ သမ္ဘန္ဓ၊ စုပ္ပ၊ ကုဟက၊ လပန၊ ဝိညတ်၊ ကုလသူသက၊ အနေသန၊ ကယဝိက္ကယ၊ ရူပိယာဒိ ပဒိုင့်ဟာ၊ အာဘူတာရောစနအစရှိသည်ဏ္ဍိဖြင့်ရအပ်သောပစ္စည်းကို သုံးဆောင်ခြင်းသည်၎င်း၊ တရားသဖြင့်ရှာမှီး၍ ရအပ်သော ပစ္စည်းကိုသော်လည်း ပစ္စယေကွဏ္ဍာ မဆင်ခြင်မူ၍ သုံးဆောင်ခြင်းသည်၎င်း အကုသိုလ်ဓမ္မတ္ထိဖြင့် သုံးဆောင်ခြင်းကြောင့် အယုတ္တပရိဘောဂ မည်၏။ ထိုအကုသိုလ်တို့ကြောင့် နောင်အနာဂတ်ဘဝ၌ များစွာသော အပါယဒုက္ခ အစရှိသော ဒုက္ခဝေဒနာသည့် အသစ်ဖြစ်သော ဝေဒနာ မည်၏။ ပစ္စယေကွဏ္ဍာ ဆင်ခြင်၍ ပစ္စည်းကို သုံးဆောင်သည်၏အစွမ်းအားဖြင့် ထိုဒုက္ခ၏ အကြောင်းရင်း ဖြစ်သော အကုသိုလ်ကံကို မဖြစ်စေခြင်းသည်၊ အသစ်ဖြစ်သော ဝေဒနာကို မဖြစ်စေသည်မည်၏။ ဤအရာ၌ ဂြိုးဘဝ၌ဖြစ်သော ကံဟောင်း၏ ပုရာဏဟူသောအမည်ကို ယခုဘဝဖြစ်ဆဲ အကျိုးဖြစ်သော ဝေဒနာ၌ တင်စား၍ယခုဖြစ်ဆဲဖြစ်သောဝေဒနာကို ပုရာဏဝေဒနာဟုခေါ်ဝေါ်ခြင်းကြောင့် ကာရဏူပစာ မည်၏။ ။ဤသို့ဆိုအပ်ခဲ့ပြီးသော ဝိဟိံသူပရိယာယအစရှိသော ပုဒ်လေးခုအပေါင်းဖြင့် ပစ္စယေကွဏ္ဍာကို ဆင်ခြင်၍သုံးဆောင်ခြင်းတည်းဟူသော ရဟန်းတို့အား လျောက်ပတ်သော ပစ္စည်းကို သုံးဆောင်ခြင်းဟု ဆိုအပ်သော ယုတ္တပရိဘောဂ ကိုဂုဏ်း၊ မွတ်သိပ် ဆာလောင်ခြင်းအစရှိသော ဒုက္ခကိုဖျောက်ရသဖြင့် အတ္တကိလမထာနုယောဂကိုပယ်ရခြင်း၊ ဈာန်မဂ်ဖိုလ် အစရှိသည်တို့၏ အကြောင်း ဖြစ်သော ကာယိကသုခကို မပွန်ရခြင်းကြောင့် တရားနှင့်လျော်သောသုခကိုမပွန်ခြင်းကိုဂုဏ်း၊ ဒိဋ္ဌဓမ္မဿာဒဖြင့်ပြအပ်၏။ သွားခြင်းဣရိယာပုထ်ဟုဆိုအပ်သော ပတ်လုပ်အနာ စွဲရောက်သောသူသည် ဆေးကို မှီဝဲသကဲ့သို့ ဣရိယာပုထ် ၄-ပါး၌ မပြတ်ဖြစ်၍ ဂျည်မြင့်စွာ တည်စေခြင်း၌ မှီဝဲသုံးဆောင်ခြင်းသည် ယတြာစမောဘိသတိ မည်၏။

ယောရောဂါသာဓျော အသ်ာဓျောစနပေဟာတိ၊ သောယပ္ပရောဂါတောသဇ္ဈိတိ ,ယပ္ပရောဂိ။ သောဟိ နိစ္စကာလံ ဘေသဇ္ဇံ .ဥပသေဝတိ။ တထာအယဇ္ဈိတိ။ ။ယောရောဂါ၊အကြင်အနာသည်။သာဓျော၊သာယာအပ်သည်၎င်း။ အသာဓျော၊ မသာယာအပ်သည်၎င်း။ နပေဟာတိ၊

မဖြစ်။ သောယပွယောဂေါ၊ထိသာယသာအာဒိ မသာယသာအပ်သည် မဟုတ်သော အနာသည်။ ဇေတသေ၊ထိသူအား။ အတ္ထိ၊ ရှိ၏။ ဣတိတာဒ္ဓဗွာ၊ ထို့ကြောင့်။သော၊ထိသူသည်၊ယပွယောဂိ၊ယပွရောဂီမည်၏။ ဟိုးသစ်ပွဲ၊မှုန်၏။ သော၊ထိယပ်စောက်အနာရှိသောသူသည်။ နိစ္စကာလံ၊အခါမပြတ်။ ဘေသဇ္ဇံ၊ဆေးကို။ ဥပသေဝတိ၊ မှီဝဲသုံးဆောင်ရ၏။ တထာ၊တူ။ အယမ္ပိ၊ဤယောဂိရဟန်းသည်လည်း။ နိစ္စကာလံ၊အခါမပြတ်။ဝိဏ္ဍပါတံ၊ ဆွမ်းကို။ ဥပသေဝတိ၊မှီဝဲသုံးဆောင်ရ၏။ ။ကုလဒူသကစသည်ဖြင့် ပစ္စည်းကို ရှာမှီးခြင်းတည်းဟူသော အယုတ္တပရိယေသနာသည် မသင့်သော ရှာမှီးခြင်းမည်၏။ ။ဒါယကာတို့၏ အတိုင်းအရှည် မိမိ၏အတိုင်းအရှည်ကို မဆိမူ၍ အလွန်ကိုခံခြင်းသည် အယုတ္တပဋိဂ္ဂဟဏာ၊ မသင့်သောအားဖြင့် ခံခြင်းမည်၏။ပစ္စဝေက္ခဏာမဆင်ခြင်မူ၍ သုံးဆောင်ခြင်းသည် အယုတ္တပရိဘောဂ၊ မသင့်သောအားဖြင့် သုံးဆောင်ခြင်းမည်၏။ ဤသို့ မသင့်သောအားဖြင့် ရှာမှီးခြင်း ခံခြင်း သုံးဆောင်ခြင်းသည်။ သာဝဇ္ဇတာ၊ အပြစ်ရှိသော အဖြစ်မည်၏။ ထိုသုံးပါးမှကြဉ်၍ အပြစ်မရှိသော ရှာမှီးခြင်း၊ ခံခြင်း၊သုံးဆောင်ခြင်းသည်အနဝဇ္ဇတာ၊ အပြစ်မရှိသောအဖြစ်မည်၏။ ။ အတိုင်းအရှည်ကို သိ၍သုံးဆောင်ခြင်းသည် ဗာသုဝိဟာရမည်၏။

တနည်းလည်း မသင့်တင့်သောအစာအာဟာရကို အတိုင်းအရှည်မရှိသုံးဆောင်ခြင်းကြောင့် ဆိတ်ငြိမ်ရာအရပ်သို့ ကပ်ခြင်းဌဉ်း။ကမ္မဋ္ဌာန်းဘာဝနာ စီးဖြန်းခြင်းဌဉ်း။မနေ့ကလျော်ခြင်း ပျင်းရိခြင်း ကိုယ်တဆန့်ဆန့်ရှိခြင်း ပညာရှိတို့ကဲ့ရဲ့ခြင်း အစရှိသော အပြစ်တို့၏ မရှိခြင်းကြောင့် အနဝဇ္ဇတာမည်၏။ သင့်တင့်လျောက်ပတ်သော အာဟာရကို အတိုင်း အရှည်အားဖြင့် စားခြင်းကြောင့် ကာယဗလ၏ဖြစ်သဖြင့် ချမ်းသာစွာနေရခြင်းသည်ဗာသုဝိဟာရမည်၏။

တနည်းလည်း အလိုရှိတိုင်း ဝမ်းဖြည့်အောင် စားခြင်းမှ ကြဉ်သဖြင့် အိပ်ခြင်းကို မှီ၍ ဖြစ်သော ချမ်းသာ လဲကဝဲနံတောင်း လက်ျာနံတောင်းတို့ကို ပြန်ကာပြန်ကာ လူးလည်းခြင်းကို မှီ၍ဖြစ်သော ချမ်းသာ ငိုက်မျည်းခြင်းကိုမှီ၍ ဖြစ်သောချမ်းသာတို့ကို ပယ်ရခြင်းကြောင့် အပြစ်မရှိသည်၏အဖြစ်သည် အနဝဇ္ဇတာမည်၏။ ။လေးလုပ်ငါးလုပ်ကို ထွေ့

၍သုံးဆောင်သဖြင့် လေးပါးသော ဣရိယာပုထ်တို့၏ ခံသောအဖြစ်တို့၏ ပြီးခြင်းကြောင့် ချမ်းသာစွာ နေရခြင်းသည် ဗာသုဒိဟာရမည်၏။

အချို့သောရဟန်းသည်၊ အပြစ်မရှိသောပစ္စည်းကို အပြစ်ရှိအောင်ပြု တတ်၏။ အဘယ်သို့ ပြုတတ်သနည်း။ ငါကား များစွာသော ခဲဘွယ် ဘောဇဉ်တို့ကိုရ၏ဟု အတိုင်းအရှည်ထက်လွန်၍ စားခြင်းကြောင့်ကြေ စေခြင်းငှါ မတတ်နိုင်သည်ဖြစ်၍ အထက်သို့ အော့အန်ခြင်း အောက်သို့ ဝမ်းကျခြင်း အစရှိသည်တို့ဖြင့် ပင်ပန်းခြင်းသို့ရောက်၏။ ကျောင်းတိုက် အလုံးစို့ ရဟန်းတို့သည်လည်း။ ထိုရဟန်း၏ ကိုယ်ကို သုတ်သင်ဆေး ကြောရခြင်းဆေးကုရခြင်း ဆေးဘော်ရခြင်းဆေးသွားတို့ကို ရှာရခြင်း အစရှိသည်တို့ဖြင့် ကြောင့်ကြ ဗျာပါရ ဖြစ်ရကုန်၏။ တပါးသောသူတို့ သည်လည်း ၍အမှုကား အဘယ် အမှုနည်းမေးလေသော် ၍မည်သော ရဟန်း၏ ဝမ်းယောင်ခြင်း ဝမ်းကျခြင်းအစရှိသော အမှုတည်း။ ။၍သို့ အစရှိသောစကားတို့ကိုကြား၍ ၍ရဟန်းကား အခါမပျက် ဝမ်းယောင် ခြင်း ဝမ်းကျခြင်း၊အစာမကြေခြင်း၊ အလေ့သဘောရှိ၏။ မိမိ၏ ဝမ်းပမာ ဏာကိုမသိလေယောင်တကား ဟူဆို၍ကဲ့ရဲ့ကုန်၏။ ၍သို့အပြစ်မရှိသော ပစ္စည်းကိုလျှင် အပြစ်ရှိအောင် ပြုသည်မည်၏။ ၍သို့အပြစ်ရှိအောင်မပြု သည်ရှိသော်အနဝဇ္ဇတာဝမည်၏။၍သို့ သုံးဝါကျဖြင့်ပြအပ်ပြီးသောဗာသု ဝိဟာရလက္ခဏာကို သာဓကပါဠိဖြင့်ဆောင်၍ ပြတော်မူလိုရကား။

စတ္တာရောပဋ္ဌ အာလောပေ၊အာဟုတ္တာ ဥဒကံ ဝိဝေ။
အလံဗာသုဝိဟာရာယ၊ပဟိတတ္တာသ ဘိက္ခုနော တိ။ ။

ဟူ၍မိန့်အပ်ပြီ။

၍အရာဒ္ဓအင်္ဂါရှစ်ပါးတို့ကိုပေါင်းရုံးအပ်ကုန်၏။ ၁ ။နေဝဒဝါယ၊၍ ကားအင်္ဂါတပါး။ ၂ ။နမဒါယ၊၍လည်းအင်္ဂါတပါး။ ၃ ။နမဇ္ဇာနာယ၊၍ လည်းအင်္ဂါတပါး။ ၄ ။နဝိဘူသနာယ၊၍လည်းအင်္ဂါတပါး။ ၅ ။ယာဝ ဒေဝဇ္ဈမသာ ကာယသင်္ခိတိယာ ယာပနာယ၊ ၍လည်း အင်္ဂါတပါး။ ၆ ။ဝိဟိံသူပ့ရတိယာ ဇြဟ္မစရိယာနုဂ္ဂဟာယ၊၍လည်းအင်္ဂါတပါး။ ။ ၇ ။ဇ္ဈတိပုရာဏဉ္စဝေဒနံပဋိဟင်္ခါမိနဝဉ္စဝေဒနံနဥ္ဇာဒေသာမိ၊ ၍လည်း အင်္ဂါတပါး။ ၈ ။ယတြာစဒံမဘဝိသတိ၊ ၍လည်းအင်္ဂါတပါး။

အနဝဇ္ဇတာစ ဟာသုဝိဟာရော စ၊ ဤနှစ်ပုဒ်တို့ဖြင့်ကား ဘောဇနာနိသံသ ဆွမ်းကို စားခြင်းဌ အကျိုးအာနိသင်တို့ကို ပြခြင်းတည်း။ ထိုအင်္ဂါရှစ်ပါးတို့တွင် ရှေးအင်္ဂါလေးပါးတို့သည် ဗျတိရေကအင်္ဂါဖြည့်ကုန်၏။ ဗျတိရေကသမ္ပဒါနိုလည်းမည်ကုန်၏ နောက်အင်္ဂါလေးပါးတို့သည် အနွယအင်္ဂါမည်ကုန်၏၊ အနွယသမ္ပဒါနိုလည်းမည်ကုန်၏။

တနုည်းလည်း။ မဟာသိဝထေရ်၏ အယူအားဖြင့် ရှေးဌ ဆိုအပ်ပြီးသော အင်္ဂါလေးပါးတို့သည် ပယ်အပ်သောအင်္ဂါမည်ကုန်၏။ အထက်ဌ အင်္ဂါရှစ်ပါးတို့ကို ပေါင်းအပ်ကုန်၏။ ၁ ။ယာဝဒေဝ ဿမဿကာယသဿဋိတိယာတပါး။ ၂ ။ယာပနာယတပါး။ ၃ ။ဝိဟိံသူပ ရတိယာတပါး။ ၄ ။ဗြဟ္မစရိယာ နုဂ္ဂဟာယတပါး။ ၅ ။ဿတိပုရာဏာဇ္ဇဝေဒနံပဋိဟဒိါမိတပါး။ ၆ ။နဝဇ္ဇဝေဒနံ နဥပ္ပါဒေဿာမိ တပါး။ ၇ ။ယတြာစ မောဘဝိဿတိတပါး။ ၈ ။အနဝဇ္ဇတာစတပါး။ ။ဟာသုဝိဟာရော စ ဟူသောပုဒ်ဖြင့်ကား။ ဘောဇနာနိသံသ ဆွမ်းကို သုံးဆောင်ခြင်းဌ အကျိုးအာနိသင်ကိုပြခြင်းတည်း။

ဿမဿ ကာယဿဋိတိယာ ယာပနာယ ဟူသောပုဒ်ဌလည်း ယာပနာယဟူ၍ ဟောတော်မူအပ်၏။ ယတြာစမောဘဝိဿတိ ဟူသော ပုဒ်ဌလည်း။ ယတြာတိယာပနာယဟု ပွင့်ဆိုအပ်၏။ ထိုနှစ်ပါးတို့၏ အထူးကား၊ အဘာယ်နည်းဟူမူကား။ ရှေးပုဒ်ဌယာပနာယ၏ အရသည် မဟာဘုတ်လေးပါးကို မှီသောစတုသန္တတိရုပ်၏ အကြောင်းဖြစ်သောဇီဝိတိန္ဒြေ၏ရှည်မြင့်စွာသော ကာလပတ်လုံး မပြတ်ဖြစ်၍တည်ခြင်းသည်ယာပနာမည်၏။ နောက်ပုဒ်ဌ ယတြာတိယာပနာ၏ အရကား။ ဿရိယာဝုတ်လေးပါးတို့၏ မပြတ်ဖြစ်ခြင်းဟု ဆိုအပ်သောတည်ခြင်းသည် ယတြာစမောဘဝိဿတိအစရှိသောပုဒ်သုံးခုအပေါင်းဖြင့်ပယောဇဉ်ကိုသိမ်းဆည်းခြင်းကိုဂုဏ်း။ ဓမ္မိကသုခကို မစွန့်ခြင်းလျှင် အကြောင်းရှိသော ဟာသုဝိဟာရဟုဆိုအပ်သောမဂ္ဂင်္ဂါမပဋိပတ်အကျင့်ကိုဂုဏ်း၊ ဒိပကတ္ထအားဖြင့်ပြအပ်၏။ ဤဆို ဆိုအပ်ခဲ့ပြီးသောယာဝဒေဝဿမဿကာယဿဋိတိယာယာပနာယ အစရှိသောနည်းဖြင့်အင်္ဂါရှစ်ပါးနှင့် ပြည့်စုံစွာဆွမ်း အစရှိသောအာ

ဟာရကိုမျှိုခြင်းမှိုဝဲသုံးဆောင်ခြင်းသည် သင့်သောအကြောင်း အားဖြင့် ပညာဖြင့်ဆင်ခြင်၍ ဆွမ်းစသောအစာအာဟာရကိုမှိုဝဲသုံးဆောင်သည် မည်၏။ ထို့ကြောင့် ဝိသုဒ္ဓိမဂ် မဟာဋီကာ၌။ ။ဧဝံ အဌဂ်သမန္နာဂတံ အာဟာရံ အာဟရန္တော ပဋိသင်္ခါယောနိသော ဝိတ္ထာပါတံ ပဋိသေဝတိ နာမဟုမိန့်အပ်ပြီ။ ။သမ္မောဇ္ဈကထာ၌လည်း၌နည်းအတူမိန့်အပ်ပြီ။

၌အဇ္ဈကထာ ဋီကာပါဠိတို့ကို နိဒတ္ထုနည်းအားဖြင့်ယူ၍ အချို့သော အဂ္ဂင်တို့သည်။ ယာဝဒေဝဇ္ဇမသာ ကာယသာ ဌိတိယာမှစ၍ အင်္ဂါရုပ် ပါးနှင့်ပြည့်စုံစွာ ဆင်ခြင်၍ တလုပ် တလုပ်သောအာဟာရကိုသုံးဆောင် ခြင်းသည်။ အသင့် အားဖြင့် ဆင်ခြင်၍ သုံးဆောင်သည် မည်၏ဟု မိန့် အပ်ကုန်၏။ အချို့သော အဂ္ဂင်တို့သည်လည်း ထိုအဇ္ဈကထာဋီကာပါဠိ တို့၏အနက်ကို နေယျတ္ထုနည်းအားဖြင့်ယူ၍ နေဝဒဝါယ-အစရှိသော တ ပါးတပါးသော အင်္ဂါကို ဆင်ခြင်၍ တလုပ်တလုပ်သော အာဟာရကို သုံးဆောင်ခြင်းသည် အသင့်အားဖြင့်ဆင်ခြင်၍ သုံးဆောင်သည်မည်၏ ဟု မိန့်အပ်ကုန်၏။ ။၌ဆွမ်းပစ္စည်းခွဲလည်း ဓာတုသညာ ပဋိကူလ သညာ၏ အစွမ်းဖြင့် ဆင်ခြင်၍ သုံးဆောင်ခြင်းသည် ပစ္စယသန္နိဿိတ ဝိလဖြည့်စုံ၏ ဟုမိန့်အပ်ကုန်၏။ဝိသုဒ္ဓိမဂ်မဟာဋီကာ ၎င်းစာကိုယ်တို့၌ မိန့်အပ်သောကြောင့် ဓာတုသညာပဋိကူလသညာဖြင့် ဆင်ခြင်၍လည်း သုံးဆောင်အပ်၏။ ။ဓာတုသညာဖြင့် ဆင်ခြင်လိုမူ။ ။ဓာတုမတ္တကံ ယဒိဒံ ဝိတ္ထာပါတံ တထုပမံ ပရိဆုတ္တော ပုဂ္ဂလော၀ိ ဓာတုမတ္တကမေဝ ဟုဆင်ခြင်ရာ၏။ ။ပဋိကူလသညာဖြင့် ဆင်ခြင်လိုမူ။ ။ဝဏ္ဏဂန္ဓ သသမ္ပန္နံ ဣဒံဝိတ္ထာပါတံ အဇိဂုစ္ဆနိယံ ဣမံ မမ ပုတိကာယံ ပတ္ဝါပနအာ တိဝိယ ဇိဂုစ္ဆနိယဘာဝံ ပါပုဏိသတိ ဟု ဆင်ခြင်ရာ၏။ ။၌သို့ ဓာတုသညာ ပဋိကူလသညာဖြင့် ဆင်ခြင်အပ်၏ ဟူသည်ကို ထောက် သေ၁၊ ရှေးဆိုခဲ့ပြီးသော အဇ္ဈကထာဋီကာပါဠိတို့ကို နိဒတ္ထု နေယျတ္ထုယူ ၍ ဆုံးဖြတ်ကြကုန်သော နှစ်ဦးသောဆရာတို့၏ အယူတို့တွင် နေယျတ္ထု နည်းအားဖြင့်ယူ၍ တလုပ် တလုပ်သော အာဟာရကို တခုတခုသော အင်္ဂါဖြင့် ဆင်ခြင်၍သုံးဆောင်ခြင်းသည် အသင့်အားဖြင့် ဆင်ခြင်၍သုံး ဆောင်သည်ပင် မည်၏ဟု ဆိုကုန်သော ဆရာတို့၏ စကားသည် သင့်

မည်ပင်ဟူ၍ ထင်မိသည်။ ။အာဘယ်ကြောင့်နည်းဟူမူကား။ အာကယ် ၍ အာဂံါဂုရ်ပါးနှင့်ပြည့်စုံစွာ ဆင်ခြင်မှုရမည်ဖြစ်လျှင် ဓာတုသံသာ ပဋိ ကူလသညာသည် မရပေရာ။ ထို့ကြောင့် ထင်မိသည်။ထိုဆွမ်းပစ္စည်း ဒ္ဓိလည်း ပါဋိတော်အားဖြင့်ကား ပစ္စုပ္ပန်ကာလ၌ ဆင်ခြင်အပ်၏။ အဋ္ဌ ကထာနည်းအားဖြင့်ကား အတိတ်ကာလ ပစ္စုပ္ပန်ကာလနှစ်ပါးတို့၌ဆင် ခြင်အံ့ဝင်၏။ ။ဤကားဝိဏ္ဍာပါတ်၌ အကျဉ်းဖြစ်သောအဓိပ္ပါယ်တည်း။

(၃) သေနာသနသိက္ခာပဒဂဏ္ဍိ။

(၃) သေနာသနံ ဟူသောပုဒ်၌ သေနအာသနဟု ပုဒ်ဖြတ်၍။သေနဟူ သောပုဒ်ကို သေတိသယတိ ဇ္ဈေ ဝိဟာရအာဗုယောဂါဒိမှိတိ သေနံ။ ။ ဇ္ဈေဝိဟာရ အာဗုယောဂါဒိမှိ၊ ဤနှစ်ဘက်စောင်း ဖိုးသောကျောင်း တ ဘက်စောင်းဖိုးသောကျောင်း အစရှိသည်၌၊ဘိက္ခု၊သည်။ သေတိသယ တိ၊ အိပ်တတ်၏။ ဣတိတသ္မာ၊ ထိုသို့အိပ်ရာ ဖြစ်သော သတ္တိကြောင့်။ သေနံ၊ သေနမည်၏။ ဝိဟာရအာဗုယောဂ အစရှိသောကျောင်းရ၏။ ။ အာဂတ္ဝါ ဘိက္ခု သေတိနိသီဒတိ ဇ္ဈေ မဉ္စပီဌာဒိမှိတိ အာသနံ။ ။ ဇ္ဈေမဉ္စပီဌာဒိမှိ၊ ဤညောင်စောင်းအင်းပျဉ် အစရှိသည်၌။ ဘိက္ခု၊သည်။ အာဂတ္ဝါ၊၍။ သေတိနိသီဒတိ၊ နေတတ်၏။ ဣတိတသ္မာ၊ထိုသို့နေရာဖြစ် သောသတ္တိကြောင့်။ အာသနံ၊ အာသန မည်၏။ မဉ္စပီဌ အစရှိသော အ ခင်းဆယ်ပါးရ၏။ သေနဉ္စ အာသနဉ္စ သေနာသနံ။ ။သေနဉ္စ၊ကျောင်း လည်း။ အာသနဉ္စ၊နေရာလည်း။ သေနာသနံ၊ကျောင်းအိပ်ရာနေရာ။ ။ ဤသေနာသနံ ဟူသောပုဒ်၌ သေနသဒ္ဒါဖြင့် ရဟန်းတို့၏နေခြင်းအကျိုး ဌါဆောက်အပ်သော ဝိဟာရအာဗုယောဂ ပါသာဒအစရှိသောကျောင်း တို့ကို အစပြု၍၊ အလုံးစုံသော ကျောင်းတို့ကိုဂုဏ်း ကျောင်းမဟုတ်သော ကျောင်းအစရှိသည်တို့ကိုဂုဏ်း ယူအပ်၏။

အာသနသဒ္ဒါဖြင့် မဉ္စပီဌ၊ အစရှိသော နေထိုင်ခြင်းဌါ ထျောက်ပတ် သော ဆယ်ပါးသော အာခင်းတို့ကို ယူအပ်၏။ ထိုနှစ်ပါးတို့တွင် သေန

သန္ဓိဖြင့် ရှုအပ်သော ဝိဟာရအဖဲ့ယောဂ စသောကျောင်းကိုဝင်း၊စရပ်တန်ဆောင်း ရေအိုးစင် တဖြက် ဒိုးတင်းကုပ် အစရှိသော ကျောင်းမဟုတ်သော ၏ဝိဝရာနေရာ အရိပ် အာဝါသတို့ကိုဝင်း၊ သုံးဆောင်ခြင်းကို အရင်းမူသဖြင့် အဓိုးတွင်းသို့ဝင်၍ ထိုင်ခြင်း ကွရိယာပုထိ် အိပ်ခြင်း ကွရိပုထိ်ဖြင့် သုံးဆောင်သောအခါ ပစ္စဝေက္ခဏာဖြင့်၊ ဆင်ခြင်ရာ၏။ အဓိုးတွင်းဟူ၍ ဆိုသော်လည်း လွင်တီးပြင်၌ ပြုအပ်သောအဓိုးမရှိသော အရပ်ဌာနဒ်လည်း သုံးဆောင်ခြင်းကို အရင်းမူသဖြင့် ထိုင်ခြင်း အိပ်ခြင်းကို ပြုသောအခါဆင်ခြင်ရာ၏။ထို့ကြောင့်ထိုင်ခြင်း အိပ်ခြင်းကွရိယာပုထိ်ဖြင့် သုံးဆောင်သော အခါ ဟူ၍ ဆိုငြားသော်လည်း၊ အဓိုးတွင်းသို့ဝင်၍ သုံးဆောင်ခြင်းကို အရင်းမူသဖြင့်၊ညဉ့်ဦးယံသန်းခေါင်ယံ မိုးသောက်ယံတို့၌ စင်ကြဲသွားသောရဟန်းသည်လည်း ဆင်ခြင်ရာ၏။ အဓိုးမရှိသောသစ်ပင်၌ သုံးဆောင်ခြင်းကိုအရင်းမူသဖြင့် အရိပ်မိုးသော အခါ၌မူကား၊ ပစ္စဝေက္ခဏာမဆင်ခြင်သော်လည်း ကွဏပရိဘောဂမဖြစ်။ အခင်းရှိမူကား ဆင်ခြင်ရာ၏။ အာသန္နဟူသောပုဒ်ဖြင့် ရှုအပ်သော ဆယ်ပါးသော အခင်းအိပ်ရာနေရာတို့ကိုသုံးဆောင်ခြင်းတို့ကို အရင်းမူ၍ထိုင်ခြင်းအိပ်ခြင်းစသည်ဖြင့်သုံးဆောင်သောအခါ၌ဆင်ခြင်ရာ၏။ ။သိတဉ္ဇာစသည်တို့ကို ခွဲခြမ်းဝေဘန်ရာ၌ကားစိဝရ၌ ဆိုအပ်ခဲ့ပြီးသောနည်းဖြင့်မှတ်ရာ၏။

ဥတုပရိဿယဝိနောဒနပဋိသလ္လာဏာရာမတ္ထံ ဟူသောပုဒ်၌ ဥတုဟူသည်ကား၊ သကပန္နယေန အရေတိ ပဝတ္တတီတိ ဥတု။ သိတဉ္ဇာသခီါတာ တေဇောဓာတု ဟူသောဝစနတ္ထ အဘိဓေယျတ္ထနှင့်အညီ အချမ်းအပူပဲ့ဟူဆိုအပ်သော တေဇောဓာတ်သည် ဥတုမည်၏။ ။ယာဝမ္ဘဇာတိ၊ အကြင်တရားသဘောသည်။သကပစ္စယေန၊မိမိမိမိ၏အကြောင်းကြောင့်။ အရေတိ ပဝတ္တတိ၊ ဖြစ်တတ်၏။ ဤတိတသ္မာ၊ ကြောင့်။ သာဝမ္ဘဇာတိ၊ထိုတရားသဘောသည်။ဥတု၊ဥတုမည်၏။ သိတဉ္ဇာသခီါတာ၊သိတဉ္ဇာဟူဆိုအပ်သော။တေဇောဓာတု၊တေဇောဓာတ်ကို။လဒ္ဓတိ၊ရအပ်၏။ပရိသယတိအာဘိဘဝတိဝိဗာဓတိတိ ပရိဿယော။ယောသဘာဝေါ၊အကြင်သဘောတရားသည်။ပရိသယတိ အာဘိဘဝတိ ဝိဗာဓေတိ၊လွန်စွာလွှမ်းမိုး၍နှိပ်စက်တတ်၏။ ဤတိတသ္မာ၊ထို့ကြောင့်။ ပရိဿဒေယော၊ ပရိဿယ

မည်၏။ ။ဥတုယော၀ပရိဿယော ဥတုပရိဿယော။ ဥတုယော၀၊ဥတု သည်ပင်လျှင်။ ပရိဿယော၊ ပရိဿယမည်၏။ ဥတုပရိဿယော၊ ဥတု သည်ပင်လျှင် ပရိဿယ။ ။ဝိနောဒေတိတိ ဝိနောဒနံ။ ဝိနောဒိယတေ ၀ါ ဝိနောဒနံ။ ။ယံသေနာသနံ၊ အကြင်ကျောင်းသည်။ ဝိနောဒေတိ၊အ ထူးထူးသော ဘေးရန်ကို ဖျောက်တတ်၏။ ဤတိတသ္မာ၊ထို့ကြောင့်၊တံ သေနာသနံ၊ ထိုကျောင်းသည်။ ဝိနောဒနံ၊ဝိနောဒနမည်၏။ ။၀ါ၊တနည်း ကား။ဝိနောဒိယတေ၊ဖျောက်ခြင်း။ဝိနောဒနံ၊ဖျောက်ခြင်း။ ။ဥတုပရိဿ ယဿ ဝိနောဒနံ ဥတုပရိဿယဝိနောဒနံ။ ။ဥတုပရိဿယဿ၊ ဥတု သာလျှင်ဖြစ်သော ဘေးရန်ကို။ ဝိနောဒနံ၊ ဖျောက်တတ် သည်တည်း။ ၀ါ၊ ဖျောက်ခြင်းတည်း။ ဥတုပရိဿယ ဝိနောဒနံ၊ ဥတုသားလျှင် ဖြစ် သောဘေးရန်ကို ဖျောက်တတ်သည်။ ၀ါ၊ ဘေးရန် ဖျောက်ခြင်း။ ။ နာနာရမ္မဏာတော ပဋိဟရိတ္ထာ ကမ္မဋ္ဌာနဘူတော ဇကသ္မိံ ယေ၀ အာရမ္မ ဏေစိတ္တသ သမ္မဒေ၀လယနံ ပဋိသလ္လာဏံ။ နာနာရမ္မဏာတော၊အထူး ထူးသော အာရုံမှ။ ပဋိဟရိတ္ထာ၊ဆုတ်နစ်ခဲ့၍။ ကမ္မဋ္ဌာနဘူတော၊ကမ္မဋ္ဌာန်း ဖြစ်၍ဖြစ်သော။ဇကသ္မိံ ယေ၀အာရမ္မဏော၊တရုတည်းသော အာရုံ၌သာ လျှင်။စိတ္တသ၊စိတ်၏။သမ္မဒေ၀၊ကောင်းစွာသာလျှင်။ လယနံ၊တည်ခြင်း။ ၀ါ၊ထားခြင်း။ ပဋိသလ္လာဏံ၊ အထူးထူးသော အာရုံမှ ဆုတ်နစ်ခဲ့၍ ကမ္မ ဋ္ဌာန်းဖြစ်၍ဖြစ်သော တရုတည်းသာလျှင်ဖြစ်သောအာရုံ၌စိတ်ကိုကောင်း စွာသာလျှင်ထားခြင်း။ ။အာရမ္မဏံ အာရာမော။ အာရမ္မဏံ၊ နှစ်သက် ခြင်း။ အာရာမော၊နှစ်သက်ခြင်း။ ။ပဋိသလ္လာဏေ အာရာမော ပဋိသလ္လာ ဏာရာမော။ ။ပဋိသလ္လာဏေ၊အထူးထူးသောအာရုံမှဖဲခွဲ၍တရုတည်း သောကမ္မဋ္ဌာန်းအာရုံ၌ စိတ်ကိုကောင်းစွာ ထားခြင်း၌။ အာရာမော၊နှစ် သက်ခြင်းတည်း။ ၀ါ၊ နှစ်သက် တတ်သည်တည်း။ ပဋိသလ္လာဏာရာ မော၊ နှစ်သက်တတ်သည်။ ၀ါ၊နှစ်သက်ခြင်း။ ။ဥတုပရိဿယ ဝိနော ဒနဋ္ဌ ပဋိသလ္လာဏာရာမော၀ ဥတုပရိဿယဝိနောဒန ပဋိသလ္လာဏာရာ မော။ ။ဥတုပရိဿယ ဝိနောဒနဋ္ဌ၊ ဥတုတည်းဟူသော ဘေးရန်ကို ဖျောက်ခြင်းလည်း။ပဋိသလ္လာဏာရာမော၀၊အထူးထူးသော် အာရုံမှဖဲခွဲ ၍ တရုတည်းသောကမ္မဋ္ဌာန်းအာရုံ၌ စိတ်ကို ကောင်းစွာထားခြင်း၌ နှစ်

လျော်ခြင်းလည်း။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဥတုပရိဿယဝိနောဒန ပဠိသလ္လာဏာဒရာမော၊မည်၏။ ။တာဿဥတုပရိဿယဝိနောဒနပဠိသလ္လာဏာရာမဏ္ဍံး ကိုယ်၏ ကျင်နာခြင်း၊စိတ်၏ ပျံ့လွင့်ခြင်းကို ပြုတတ်သော ထျောက်ပတ်သောအကြင်ဥတုတို့ကြောင့်ကျောင်းကို မှီဝဲသဖြင့်ဖျောက်အပ်သည်ဖြစ်၏။ ထိုဥတုကို ဖျောက်ခြင်းအကျိုးငါးရပ်။ အထူးထူးသောအာရုံမှပဲ၍ တရုတည်းသော ကမ္မဋ္ဌာန်းအာရုံ၌စိတ်ကိုကောင်းစွာ ထားခြင်းငါးရပ်၊ကျောင်းကိုမှီဝဲပါ၏။ ။တနည်းလည်း။ပဠိသလ္လာဏာရာမဟူသောပုဒ်၌ ဂိုဏ်းတည်းဟူသောအပေါင်းအဘော်၊ ကိလေသာတည်းဟူသော အပေါင်းအဘော်မရှိဘဖြင့် တယောက်အထီးတည်း ချမ်းသာစွာနေခြင်းအကျိုးငါးရပ်ဟူသော ဤအနက်ကိုလည်း မှတ်အပ်၏။

ရှေးဦး သိတသပဠိဃာတာယ၊ ဥဏ္ဍာသပဠိဃာတာယဟု ဟောပြီးသည်ဖြစ်လျက် နောက်၌ဥတုပရိဿယဟူသောပုဒ်၌ သိတဥတု ဥဏ္ဍာဥတုကိုပင် ထပ်မံ၍ ဟောတော်မူပြန်ခြင်းသည်၊ရှေးပုဒ်ဖြင့်ကား အနိယတပယောဇဉ်ကိုပြအပ်၏။ နောက်ပုဒ်ဖြင့်ကား နိယတပယောဇဉ်ကို ပြအပ်၏။ ။ရှေးယာဝဒေဝသဒ္ဒါဖြင့်အနိယတပယောဇဉ်ကို ပိုင်းခြားအပ်၏။ နောက်ယာဝဒေဝသဒ္ဒါဖြင့်နိယတပယောဇဉ်ကိုပိုင်းခြားအပ်၏။ တနည်းလည်း၊ ဆိုအပ်ခဲ့ပြီးသောအပြားရှိသောဥတုသည် ဥတုသာလျှင်မည်၏။ ပရိဿယသည် ထင်ရှားသော ပါကဋပရိဿယမထင်ရှားသောဖုံးလွှမ်းသောပဠိဆွန်နပရိဿယအားဖြင့်နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့ကိုတွင်ခြင်သော့်သစ်ကျား အစရှိသော ဘေးရန်တို့သည် ထင်ရှားသော ပါကဋဘေးရန်မည်ကုန်၏။ ရာဂဒေါသမော့ဟ အစရှိကုန်သော အကုသိုလ်ကိလေသာဘေးရန်တို့သည် မထင်ရှားသော ဖုံးလွှမ်းသော အပါကဋပဠိဆွန္နဘေးရန်မည်ကုန်၏။ထိုနှစ်ပါးတို့တွင် ဟင်းလင်းအပြင်ရှိသော ကျောင်းမဝိတ်အပ်သော တံခါးရှိသော ကျောင်းသစ်ပင်ရင်း အစရှိသည်တို့၌ နေသော ရဟန်းအား သစ်ကျား ခြင်သော့်အစရှိကုန်သော ထင်ရှားသော ဘေးရန်တို့သည် ဖြစ်ကုန်၏။ ထိုဆိုအပ်ခဲ့ပြီးသော မလုံခြုံသောကျောင်း၌ နေသော ရဟန်းအား၊မာတုဂါမဝိသဘာဂ အစရှိသော အာရုံကိုမြင်သဖြင့် စိတ်၌ ကိလေသာတို့သည် ထိုးကျင်သဖြင့် စိတ်၏ နှိပ်စက် ကျင်နာခြင်းသည်

ဖြစ်ကုန်ရာ၏။ လုံခြုံသောကျောင်းဌိမှကား မဖြစ်ကုန်ရာ။ ဤနှစ်ပါးသော ဘေးရန် တို့၏ မဖြစ်ခြင်းကို သိ၍ ဖိဝဲသုံးဆောင်ရာ၏။ ။ဤကျောင်း ပစ္စည်းဌိလည်း ပါဋိတော်နည်းအားဖြင့် ပစ္စုပ္ပန်ကာလဌိ ဆင်ခြင်အပ်၏။ အဋ္ဌကထာ နည်းအားဖြင့် အတိတ် ပစ္စုပ္ပန်ကာလနှစ်ပါးဌိ ဆင်ခြင်အပ်၏။ ။ဓာတုသညာပဋိကူလသညာဖြင့်လည်း ဆင်ခြင်အပ်၏။ ။ဓာတုသညာဖြင့် ဆင်ခြင်သော်ကား။ ။ဓာတုမတ္တကံ ယဒိဒံ သေနာသနံ တထုပမံ ပဂိဘုတ္တော ပုဂ္ဂလောဝိ ဓာတုမတ္တမေဝ ဟုဆင်ခြင်ရာ၏။ ။ပဋိကူလသညာဖြင့် ဆင်ခြင်လိုမူ။ ။ကုဏဒံသေနာသနံ အာဘိနဝကာလေ အတိသုဘံ ဝိယ မနောရမ္မံ ဝိယ အဓိဂုဏ္ဍနိယံ ဝိယ ပေါတိ။ဇရာဓိဏ္ဍကာလေ ပန ဇီကော့အသုဘဇေဂုဏ္ဍနိယဘာဝံ ပါပုဏိသတိဟု ဆင်ခြင်ရာ၏။ ။သင်္ကန်း ပစ္စည်းတို့ဌိလည်းဤနည်းအတူဆင်ခြင်သော်လည်းသင့်၏ဟူကုန်၏။ ဤကား သေနာသနဌိအကျဉ်းဖြစ်သောအဓိပ္ပါယ်တည်း။

(၄) ဘေသဇ္ဇသိက္ခာပဒဂဏ္ဌိ။

ဂိလာနပစ္စယဘေသဇ္ဇပရိက္ခာရံ ဟူသော၌ပုဒ်ဌိ။ ။ရောဂေနဂိလာယတိ ရုဇ္ဇတိတိ ဂိလာနော။ ။ယောပုဂ္ဂလော၊သည်။ရောဂေန၊ကုဋ္ဌဂဏ္ဍာဒိဋ္ဌကအစရှိသောရောဂါကြောင့်။ ဂိလာယတိရုဇ္ဇတိ၊ကျင်နာတတ်၏။ ဤကိတသ္မာ၊ကြောင့်။သောပုဂ္ဂလော၊ သည်။ ဂိလာနော၊မည်၏။ ပဋိပက္ခံအယတိ ဂစ္ဆတိ ပဝတ္တတိ ဇီတေနာတိ ပစ္စယော။ ။ဇီတေန၊၌ဆိုထောပတ်အစရှိသော ဆေးကြောင့်။ရောဂသ၊ ကုဋ္ဌဂဏ္ဍာအစရှိသောအနာ၏။ ပဋိပက္ခံ၊ဆန့်ကျင်ဘက်သည်။ဟုတ္တာ၊၍။ဂါပဋိပက္ခံ၊ငြိမ်းခြင်း ကင်းခြင်း၊သည်။ ဟုတ္တာ၊၍။ အယတိဂစ္ဆတိ ပဝတ္တတိ၊ ဖြစ်တတ်၏။ ဤတိတသ္မာ၊ကြောင့်။ ပစ္စယော၊ ပစ္စယမည်၏။ ။အယတိပဝတ္တေတိတိဝါအယော၊ ဝါ၊ တနည်းကား။ ယံဘေသဇ္ဇံ၊ အကြင်ဆိပျေားတင်လဲအစရှိသော ဆေးသည်။ ဒိတ်ံ၊သူနာရဟန်းတို့အား နှစ်သက်ခြင်းကို။ အယ့တိပဝတ္တေတိ၊ ဖြစ်စေတတ်၏။ ဤတိတသ္မာ၊ကြောင့်။အယော၊အယမည်၏။ ။အယတိ ပဝတ္တတိ ဇီတေနာတိဝါ အယော။ ။ဝါ၊တနည်းကား။ဇီတေန၊ထိုဆိပျား

တင်လဲ အစရှိသောဆေးဖြင့်။ ဒိတိ၊ သူနာရဟန်းတို့အား နှစ်သက်ခြင်းသည်။အလိုတိပဝတ္တတိ၊ဖြစ်တတ်၏။ကုတိတသ္မာ၊ကြောင့်။ အယောဒ၊မည့်၏။ ။ဒိတိယာ အဒေယော ပစ္စယော။ ။ဒိတိယာ၊ နှစ်သက်ခြင်းကို။ အယော၊ ဖြစ်စေတတ်သည်တည်း။ ပစ္စယော၊နှစ်သက်ခြင်းကို ဖြစ်စေတတ်သည်။ ။တနည်းကား။ဒိတိယာ၊ဒိတိ၏။ အယော၊ ဖြစ်ကြောင်းတည်း။ ပစ္စယော၊ဒိတိ၏ဖြစ်ကြောင်း။

ဂိလာနဿ ပစ္စယောဂိလာနပစ္စယော။ ။ဂိလာနဿ၊ နာသောရဟန်း၏။ ပစ္စယော၊ အနာ၏ဆန့်ကျင်ဘက်ဖြစ်၍ ဖြစ်ကြောင်းဖြစ်သော ဆေးတည်း။ ဝါ၊ ဂိလာနဿ၊နာသောရဟန်းအား။ ပစ္စဒေယော၊ နှစ်သက်ခြင်းကို ဖြစ်စေတတ်သောဆေးတည်း။ ။ဝါ၊ဂိလာနဿ၊နာသောရဟန်း၏၊ပစ္စယော၊နှစ်သက်ခြင်း၏ အကြောင်းဖြစ်သောဆေးတည်း။ဂိလာနပစ္စယော၊ နာသောရဟန်း၏ နှစ်သက်ခြင်း၏ အကြောင်းဖြစ်သောဆေး။ ။ဆိပျားတင်လဲအစရှိသောဆေးပစ္စည်းရ၏။

ဘိသက္ကဿကမ္မံ ဘေသဇ္ဇံ။ ။ဘိသက္ကဿ၊ဆေးသမားသဖွယ်ဖြစ်တော်မူသော မြတ်စွာဘုရား၏။ ကမ္မံအနုညာတံ၊ ခွင့်ပြုတော်မူအပ်သောဆေးတည်း။ဘေသဇ္ဇံ၊ ဆေးသမားသဖွယ်ဖြစ်တော်မူသော ဘုရား၏ခွင့်ပြုတော်မူအပ်သောဆေး။ ။ဣဒ်ဒိလည်း။ ဆိပျားတင်လဲအစရှိသော ဆေးပင်ရ၏။ ။ဂိလာနပစ္စယော ဇဝေ ဘေသဇ္ဇံ ဂိလာနပစ္စယဘေသဇ္ဇံ။ ။ဂိလာနပစ္စယောဇဝေ၊သူနာတို့အား နှစ်သက်ခြင်းကို ဖြစ်စေတတ်သော ဆိပျားတင်လဲအစရှိသော ဆေးသည်ပင်လျှင်၊ ဘေသဇ္ဇံ၊ ၏။ ဂိလာနပစ္စယဘေသဇ္ဇံ၊ သူနာတို့အား နှစ်သက်ခြင်းကို ဖြစ်စေတတ်သော ဆိပျားတင်လဲ အစရှိသော ဆေးသည်ပင်လျှင်ဘေသဇ္ဇံ။ ။ဣဒ်ဒိလည်း ဆိပျားတင်လဲအစရှိသည်ပင်ရ၏။

ပရိက္ခာရသဒ္ဒါသည်၊ အကြောင်းဟုဆိုအပ်သော သမ္ဘာရအနက် အခြံအရံဟုဆိုအပ်သောပရိဝါရအနက် ဣအနက်နှစ်ပါးဒ္ဒြဖစ်၏။ ။ထိုနှစ်ပါးတို့တွင် အကြောင်းသမ္ဘာရဏ္ဍဒ္ဒကား။ ။ပရိသမန္တာ တော ကရိယတိ ဖလံ နိဗ္ဗတ္တိယတိ ဇေတနာတို့ ပရိက္ခာရော။ ။ဟုပြု၍။ဇိဝိတိန္ဒြေ၏ရှည်စွာသော ကာလပတ်လုံး တည်ကြောင်းဖြစ်သော ဆေးရစေ၊ ။ပရိဝါ

ရတ္ထဒ္ဒီကား။ ။ပရိသမန္တာတော အန္တာရာယာနံ နိဝါရဏံ ကရောတီတိ ပရိက္ခာရော။ ။ဟုပြု၍ ရောဂါအစရှိသော အန္တရာယ်တို့ကို မဖြစ်စေခြင်းငှါ ထက်ဝန်းကျင်မှတားမြစ်ခြင်းကို ပြုတတ်သောဆေးရစေ။လောကူပမာအားဖြင့်ကား။ မင်းခယောကျ်ားတို့သည် ရန်သူတို့အား အန္တရာယ် ပြုခွင့်ကိုမပေးမူ၍မိမိ၏အာရက်ဖြစ်သော မင်းတို့အားခြံရုံ၍ စောင့်သကဲ့သို့ ဤဆေးပစ္စည်းသည်လည်းရောဂါတို့အားအခွင့်ကိုမပေးမူ၍အာရက်စိုးမင်းနှင့်တူသော ဇီဝိတိန္ဒြေ၏ ဂုဏ်ဖြင့်စွာသောကာလပတ်လုံး ဖြစ်စေခြင်းငှါ ခြံရုံထတ်ပေရကားဆေးသည်ဇီဝိတိန္ဒြေ၏ အခြံအရံမည်၏။ ။ထို့ကြောင့်။ ။ဩလာနပစ္စယဘေသဇ္ဇဥွတံ ပရိက္ခာရောစာတိ ဂိလာနပစ္စယဘေသဇ္ဇပရိက္ခာရော။ ။ဟုပြု၍ သူနာရဟန်းတို့အား နှစ်သက်ခြင်းကို ဖြစ်စေတတ်သော အမှတ်မရှိ ကျေလျော်ပတ်သောဆေးသမားသဖွယ် ဖြစ်တော်မူသော ဘုရားသဗ္ဗညုသည်ခွင့်ပြုတော်မူအပ်သော ဆီပျားတင်လဲအစရှိသော အသက်၏အကြောင်းအသက်၏အခြံအရံကိုဝါ၊အသက်၏အကြောင်း အသက်၏ အခြံအရံဖြစ်သောဆေးကို ဟု အနက်ပေးရာ၏။ဥပဓိဇ္ဈောတိဥပဓိန္နော။ ယာဇ္ဈမာဝေဒနာယော၊ အကြင်ဝေဒနာတို့သည်။ ဥပဓိဇ္ဈော၊ဖြစ်ကုန်ပြီ။ ဇ္ဈတိတသ္မာ၊ကြောင့်။ ဥပဓိန္နော၊မည်ကုန်၏။ ။တာသံ ဥပဓိန္နောနံဟုခံ။ဤသို့ပြုသော်ကာယိကဖြစ်သောအတိတ်ဒုက္ခဝေဒနာရ၏။

ဆေးကိုသုံးဆောင်သဖြင့် မဖြစ်ကုန်သေးသောဖြစ်လတ္တံ့ဖြစ်ကုန်သော အနာဂတ်ဝေဒနာတို့သည်သာလျှင် ပျောက်ကုန်၏။ဖြစ်ပြီးဖြစ်ဆဲ ဖြစ်ကုန်သော ဝေဒနာတို့သည် မပျောက်ကုန်။အဘယ်ကြောင့်နည်း ဟူမူကား။ ဖြစ်ပြီးသော ဝေဒနာတို့သည် ဥပါဒ်ဒြိဘင်အားဖြင့်ဖြစ်၍ ချုပ်လေကုန်ပြီးဖြစ်သောကြောင့်တည်း။ ဖြစ်ဆဲ - ဥပါဒ်ဆဲဖြစ်သော ဒုက္ခဝေဒနာသည်လည်း မိမိ၏ကိစ္စသဘောအားဖြင့် ဦဿိုဂင်း တင်သိုဂင်း ရောက်၍ အလိုလိုချုပ်လတ္တံ့ဖြစ်သောကြောင့် ဆေးကူရန်မရှိပြီ။အနာဂတ်ဖြစ်သောဒုက္ခဝေဒနာသည်လည်း မဖြစ်သေးဖြစ်၍ ဆေးကို မှီဝဲခြင်းကြောင့် ပျောက်ရန်မရှိ။ ထိုသို့မရှိသော်လည်း အနာဂတ်ဝေဒနာ ဖြစ်ခြင်း၏ -အကြောင်းဖြစ်သော ကုဋ္ဌဂဏ္ဍာ အစရှိသော အနာ၏ပျောက်ခြင်းကြောင့် အကျိုးဖြစ်သော အနာဂတ်ဖြစ်သောဒုက္ခဝေဒနာသည်ပျောက်၏ ။ကုဋ္ဌဂဏ္ဍာအစရှိ

သော ရောဂါသည်လည်း ဆေးကုခြင်းကြောင့် စင်စစ်မပျောက်။ ကုဋ္ဌဂဏ္ဍာအစရှိသော ရောဂါဖြစ်ခြင်း၏ အကြောင်း ဖြစ်သောကြောင့် ဓာတ်လေးပါးတို့တွင် တပါးပါးယုတ်သည့် လွန်သည်ဟု ဆိုအပ်သော မည်ညွတ်ခြင်းတည်းဟူသော ဓာတုခေါဘသည်သာလျှင် ဆေးကို မှီဝဲခြင်းကြောင့် ပျောက်၏။ အကြောင်းဖြစ်သော ဓာတုခေါဘပျောက်သဖြင့်အကျိုးဖြစ်သော ကုဋ္ဌဂဏ္ဍာ အစရှိသော ရောဂါပျောက်၏။ အကြောင်းဖြစ်သော ရောဂါပျောက်ခြင်းကြောင့် အကျိုးဖြစ်သောအနာဂတ်၌ဖြစ်လတ္တံ့သော ဒုက္ခဝေဒနာ မဖြစ်သည်ကိုပင် ဆေးကြောင့် အနာဂတ် ဝေဒနာပျောက်သည် ဟူကုန်၏။ ထိုသို့ဖြစ်သော် အနာဂတ် ဖြစ်သော ဒုက္ခဝေဒနာပျောက်ခြင်းအကျိုးငှါ ဆေးကိုမှီဝဲအပ်၏ဟု မဆိုမူ၍ဖြစ်ပြီးဖြစ်ဆဲဝေဒနာတို့ကို ပျောက်ခြင်းအကျိုးငှါ ဆေးကို သုံးဆောင်သည်ဟု ဆိုခြင်းသည် ဖြစ်လတ္တံ့.သောဝေဒနာ၏ ဖြစ်ပြီးဖြစ်ဆဲဖြစ်သောဝေဒနာတို့နှင့်တူသည်၏ အဖြစ်ကြောင့်။ ။တာနိယေဝဩသဓာနိ ဟူသကဲ့သို့ သဒိသုပစာရအားဖြင့် ဖြစ်လတ္တံ့.သော ဝေဒနာကို ဖြစ်ပြီးသော ဝေဒနာ ဖြစ်ဆဲဝေဒနာဟု တင်စား၍ခေါ်ဝေါ်သည်ဟူလိုသော်။ ။ထို့ကြောင့်။ ဥပ္ပန္နာနန္တရဝေဒနာ ဘူတာနံ ဒုတာနံ နိဗ္ဗတ္တာနံ ဟုဝိသုဒ္ဓိမဂ်၌မိန့်အပ်ပြီ။ ။အကြောင်းအကျိုးဆက်၍ ဆိုမူကားမလျောက်ပတ်သောဥတုအာဟာရကြောင့်မာတုခေါဘသည်ဖြစ်၏။ ဓာတုခေါဘကြောင့်ကုဋ္ဌဂဏ္ဍာ အစရှိသောရောဂါသည်ဖြစ်၏။ထိုရောဂါကြောင့်ကာယိကဒုက္ခဝေဒနာသည်ဖြစ်၏။ထိုလေးပါတို့တွင် ဆေးကိုမှီဝဲခြင်းကြောင့် ဓာတုခေါဘသည်သာလျှင် ပျောက်၏။ကြွင်းသောသုံးပါးတို့သည် မပျောက်ကုန်။ထိုသို့မပျောက်သော်လည်း အကြောင်းဖြစ်သော ဓာတုခေါဘပျောက်သဖြင့်အကျိုးဖြစ်သောရောဂါဝေဒနာတို့သည် ပျောက်သည်ဖြစ်၍ ၍အလုံးစုံတို့သည် ဆေးကြောင့် ပျောက်သည်ဟူကုန်၏။ ဒေါသမူဒွေးဒ္ဒ်ရှိသော ဒေါမနသဝေဒနာဒုက္ခသဟဂုတ်ကာယဝိညာဏ်ဒ္ဒ် ရှိသော ဒုက္ခဝေဒနာ နှစ်ပါးတို့တွင် ၍အကြောဒ္ဒ်ကာယိကဒုက္ခဝေဒနာကိုသာလိုအပ်၏။ဒေါမနသဝေဒနာကိုမလိုအပ်။

ဝေယျာဗာဓိကာနံဟူသောပုဒ်၌။ဝိဝိဓာအာကာရေနဗာဓတိတိဗျာဗာဓော။ ။ယောဓာတုခေါဘော၊အကြင်ဓာတ်ချောက်ချားခြင်းသည်း၊ဝိဝိဓာ

အာကာရေန၊အထူးထူးအပြားပြားသော အခြင်းအရာအားဖြင့်။ သတ္တော၊ သတ္တဝါတို့ကို။ဗာဓတိ၊နှိပ်စက်တတ်၏။ ဣတိတသ္မာ၊ကြောင့်။ ဧသာဓာတု ခေါဘော၊ထိုဓာတ်ချောက်ချားခြင်းသည်။ဗျာဗာဓော၊မည်၏။ဓာတ်လေး ပါးတို့၏ မညီမညွတ်ဖောက်ပြန်ခြင်းတည်းဟူသောဓာတုခေါဘရုဒ်။ ။ တနည်းလည်း။ ယောကုဋ္ဌဂဏ္ဌာပဋိကာဒိရောဂေါ၊ အကြောင်ကုဋ္ဌဂဏ္ဌာပဋိက အစရှိသောရောဂါသည်။ ဗိဓိဓာကာရေန၊ဖြင့်။သတ္တော၊တို့ကို။ဗာဓတိ၊နှိပ်စက်တတ်၏။ ဣတိတသ္မာ၊ ကြောင့်။ သောကုဋ္ဌဂဏ္ဌာပဋိကာဒိရောဂေါ၊ သည်။ ဗျာဗာဓော၊မည်၏။ ကုဋ္ဌဂဏ္ဌာပဋိကအစရှိသောရောဂါ ရုဒ်။ ဗျာဗာဓတော ဥပ္ပန္နာဝေယျာဗာဓိကာ။ ဗျာဗာဓတော၊ဓာတ်ချောက်ချားခြင်း ကြောင့်။ဝါ၊ ကုဋ္ဌဂဏ္ဌာပဋိက အစရှိသော ရောဂါကြောင့်။ ဥပ္ပန္နာ၊ဖြစ်ကုန်သော ဒုက္ခ ဝေဒနာတို့တည်း။ ဝေယျာဗာဓိကာ၊ ဓာတ်ချောက်ချားခြင်းကြောင့်ဖြစ်ကုန်သောဝေဒနာတို့။ ဝါ၊ ကုဋ္ဌဂဏ္ဌာပဋိက အစရှိသောရောဂါကြောင့်ဖြစ်ကုန်သော ဒုက္ခဝေဒနာတို့။တာသံဝေယျာဗာဓိကာနံ ဝေဒနာနံ-ဟူ၍စပ်ရုဒ်။ဤအရာ၌ဒေါမနဿဝေဒနာကိုမလိုအပ်။ကာယိကဒုက္ခ ဝေဒနာကိုသာလိုအပ်၏။ ထို့ကြောင့်၊ ဝေဒနာနှစ်မျိုးဒုက္ခဝေဒနာနံဟုကြား ပြီးသောနောက်၌ အကုသလဝိပါကဝေဒနာနံဟု ဆင့်၍ အဋ္ဌကထာ၌ အ ဘိဓေယျဂ္ဂကို ကြားတော်မူပြန်သည် ဗိဓိဓာကာရေန ဗာဓတိတိဗျာဗာ ဓော။ ။ယောသဘာဝေါ၊အကြောင်းဒုက္ခဝေဒနာဟူသောသဘောသည်။ဗိဓိ ဓာကာရေန၊ဖြင့်။ သတ္တော၊တို့ကို။ ဗာဓတိ၊နှိပ်စက်တတ်၏။ ဣတိတသ္မာ၊ ကြောင့်။သောသဘာဝေါ၊သည်။ဗျာဗာဓော၊မည်၏။ ။ဗျာဗာဓောဇော၊ဗျာ ပဇ်။ ။ဗျာဗာဓောဇော၊ဗျာဗာဓသည်ပင်လျှင်။ ဗျာပဇ်၊မည်၏။ ။ဒုက္ခန္တိ အဏ္ဍောဟု ဒီကာ၌အဘိဓေယျဂ္ဂကို ကြားရကား။ ကာယိကဒုက္ခဝေဒ နာရုဒ်။ ။နတ္ထိ ဗျာပဇ်ဇ္ဇောတိ အဗျာပဇ်။ဇ္ဇော၊ဤကာလ၌၊ဗျာပဇ်၊ဆေး ပစ္စည်းကို မှီဝဲခြင်းကြောင့် ဒုက္ခဝေဒနာသည်။ နတ္ထိ၊ မရှိ။ ဣတိတသ္မာ၊ ကြောင့်။ဗျာပဇ်၊မည်၏။ ။လွန်စွာနှိပ်စက်တတ်သော ကာယိကဒုက္ခဝေ ဒနာမရှိ ပျောက်သည် တိုင်အောင် ဆေးပစ္စည်းကို မှီဝဲသုံးဆောင်ခြင်းအ တိုင်းအရှည်ရုဒ်။ ။ထို့ကြောင့်၊အဗျာပဇ္ဈပရမတာယာတိ နိဒုက္ခပရမ တာယ၊ယာဝ တံဒုက္ခံ ပဟီနံ ဟောတိ တာဝါတိအဏ္ဍော။ ဟု ဝိသုဒ္ဓိမဂ်၌

ပိန့်အပ်ပြီ။ ။အဗျာပဇ္ဇပရမတာယ၊လွန်စွာသောဆင်းရဲမရှိသော ကာလတိုင်အောင် အတိုင်း အရှည် အကျိုးငှါ။ ပဋိသေဝါမိ၊မှီဝဲပါ၏။ ဤသို့ အနက်ပေး။ ဤသို့ ဆိုအပ်ခဲ့ပြီးသော ပစ္စည်းလေးပါးတို့နှင့်ကား ရသော ကာလ၌လည်းကောင်း။ သုံးဆောင်သော ကာလ၌ဌင်း ဤနှစ်ပါးသော ကာလ၌ ပစ္စယေကွ်ာ်ကိုဆင်ခြင်အပ်၏။ ထို့ကြောင့်၊ ဒုဝိဓံ ပစ္စယေကွ်ာ်ကံ ပစ္စယာနံ ပဋိလာဘကာလေ ပရိဘောဂ ကာလေစဟု၊ ဝိသုဒ္ဓိမဂ်၌ ပိန့်အပ်ပြီ။

ထိုပစ္စည်းလေးပါးတို့ကိုရသောကာလ၌ ဆင်ခြင်သည့်ဂုဏ်သေ ဓာတုသညာ၏အစွမ်းအားဖြင့်ဌင်း၊ပဋိကူလသညာ၏ အစွမ်းအားဖြင့်ဌင်းဆင်ခြင်ရာ၏။ ထိုသို့ဆင်ခြင်၍ ထားအပ်ကုန်သော သက်နှံး အစဂုဏ်ကုန်သော ပစ္စည်းလေးပါးတို့ကို ထိုရသောကာလမှနောက်သုံးဆောင်သောကာလ၌ ပစ္စယေကွ်ာ်ကိုဆင်ခြင်၍ သုံးဆောင်သောရဟန်း၏သုံးဆောင်ခြင်းသည်အဖြစ်မဂုဏ်၊ထို့ကြောင့်ဝိသုဒ္ဓိမဂ်၌။ ။ပဋိလာဘကာလေဝိဟိဓာတုဝသေနဝါ-ပဋိကူလဝသေနဝါ ပစ္စယေကွ်ိတွာ ဌပိတာနိ စိဝရဒိနိ တတောဉ္စုတ္တရိ ပရိဘုဉ္ဇန်သေ အနဝဇ္ဇောဝပရိဘောဂေါပရိဘောဂကာလေဝိဟု ပိန့်အပ်ပြီ။ ။တတောဉ္စုတ္တရိပရိဘုဉ္ဇန်သေအနဝဇ္ဇောဝ ပရိဘောဂေါ-ဟု သောဂ္ဂေးဝါကျကိုထောက်သော်ပစ္စည်းလေးပါးတို့ကိုရ၍မသုံးဆောင်မီ ဂ္ဂေးအာဘို့ကာလ၌ဓာတုသညာစသည်တို့ဖြင့် ဆင်ခြင်၍ထားအပ်သည်ဂုဏ်သော် သုံးဆောင်သောကာလ၌ မဆင်ခြင်မိသော်လည်းအဖြစ်မဂုဏ်၊ဣဏ ပရိဘောဂမဖြစ်ဟု ဆိုရာရောက်၏။ သို့ရောက်သော်လည်း ပရိဘောဂကာလေဝိ ဟူသောနောက်ဝါကျဖြင့် သုံးဆောင်သောကာလ၌ ဆင်ခြင်အပ်သည်သာတည်းဟူသော အနက်ကိုပြအပ်၏။ပစ္စည်းကိုရသောကာလ ဆင်ခြင်အပ်၏ဟူရာ၌။ ပစ္စယေကွ်ာ်၏ အစဉ်စင်ကြယ်ခြင်းဂုဏ်သည်၏ အဖြစ်ကိုပြအပ်၏။ ပရိဘောဂကာလ၌ ပစ္စယေကွ်ာ်ကို မဆင်ခြင်အပ်ဟူ၍ပယ်သောအရာမဟုတ်။ ထို့ကြောင့်၊ ပစ္စယေကွ်ာ်ယ အာဒိမှ သုဒ္ဓိဒသနံ ပဲရမတဲ့။ နှ ပရိဘောဂ ကာလေပစ္စယေကွ်ာ်ပဋိကွေ့ပပရံ။ တေနာဟဲ့ ပရိဘောဂကာလေဝိတိ။ ဟု ဝိသုဒ္ဓိမဂ် မဟာဋီကာ၌ ပိန့်အပ်ပြီ။ ဤကား ပစ္စည်းလေးပါးတို့၌ ဆင်ခြင်သင့်သော အရာ အလုံးစုံကို

ပေါင်းရုံး၍ ဆိုအပ်သောစကားတည်း။ပစ္စည်းလေးပါးတို့ကို ဆင်ခြင်ရာ ၌ ဤဆိုလတ္တံ့သည်ကား သန္ဓိဋ္ဌာန်ဖြစ်သောအဆုံးအဖြတ်တည်း။

ပရိဘောဂသည်ထေယျပရိဘောဂ၊ဣဏာပရိဘောဂ၊ဒါယဇ္ဇပရိဘောဂ၊သာမိပရိဘောဂအားဖြင့်လေးပါးတည်း။ ထိုလေးပါးတို့တွင်သံဃာအလယ်၌နေ၍ ဒုဿီလပုဂ္ဂိုလ်၏ ပစ္စည်းလေးပါးကို သုံးဆောင်ခြင်းသည် ဘုရားသခင်၏ပစ္စည်းကိုဂုဏ်း၊ဒါယကာတို့၏ပစ္စည်းကိုဂုဏ်းခိုး၍သုံးဆောင်သောကြောင့် ထေယျပရိဘောဂမည်၏။သီလရှိသောရဟန်း၏ပစ္စယေက္ခဏာမဆင်ခြင်ဘဲပစ္စည်းလေးပါးကို သုံးဆောင်ခြင်းသည် သူ့ကြွေးမြီကိုယူ၍စားသည်နှင့်တူသောကြောင့် ဏာပရိဘောဂမည်၏။ သေက္ခရုနစ်ယောက်တို့၏ ပစ္စည်းလေးပါးကို သုံးဆောင်ခြင်းသည် အဘ၏ဥစ္စာကိုသားတို့သည် အမွေခံ၏အဖြစ်ဖြင့်ယူသကဲ့သို့ ဘုရားတည်းဟူသော အဘ၏ပစ္စည်းလေးပါးတည်းဟူသော ဥစ္စာကို သေက္ခရုနစ်ယောက်တည်းဟူသောသားတော်တို့သည် အမွေခံ၏အဖြစ်ဖြင့် သုံးဆောင်ခြင်းကြောင့် ဒါယဇ္ဇပရိဘောဂမည်၏။ ။ရဟန္တာပုဂ္ဂိုလ်တို့၏ပစ္စည်းလေးပါးကိုသုံးဆောင်ခြင်းသည် တဏှာတည်းဟူသော ကျွန်၏အဖြစ်မှ လွတ်သောကြောင့် သာမိပရိဘောဂမည်၏။

ထိုလေးပါးသောပရိဘောဂတို့တွင်သာမိပရိဘောဂ၊ဒါယဇ္ဇပရိဘောဂနှစ်ပါးသည်သာလျှင် အလုံးစုံသော ရဟန္တာ သေက္ခ ပုထုဇဉ်ဖြစ်ကုန်သောရဟန်းတို့အားအစဉ်ကုန်၏။ဏာပရိဘောဂသည်မဒၵဝ်။ ထေယျပရိဘောဂဖွဲ့ကားဆိုဘွယ်ရာမရှိ၊မအပ်သည်သာလျှင်တည်း။သီလရှိသော၊ရဟန်းသာမဏေ၏ ပစ္စယေက္ခဏာဆင်ခြင်၍ ပစ္စည်းကို သုံးဆောင်ခြင်းသည်ဏာပရိဘောဂ၏ဆန့်ကျင်ဘက် ဖြစ်သောကြောင့်၊ဏာပရိဘောဂ မမည်း၊ဒါယဇ္ဇပရိဘောဂဖွဲ့သော်လည်း သင်္ကြံဟ်ခြင်းသို့ရောက်၏။ အဘယ်ကြောင့်နည်းဟူမူကား၊သီလဝန္တပုဂ္ဂိုလ်ကို သေက္ခဟူ၍ ရေတွက်အပ်သည်၏အဖြစ်ကြောင့်တည်း။ထို့ကြောင့်၊ သီလဝန္တပုထုဇ္ဇနောသောတာပန္နေယော သင်္ဘတိတောဟူ၍ဂုဏ်း၊ သီလဝန္တပုထုဇ္ဇနော သေက္ခောတွေဝ သင်္ခံဂန္ဆတိဟူ၍ဂုဏ်း မိန့်အပ်ပြီ။

၅၂လေးပါးသောပရိဘောဂတို့ကိုတွင်သာမိပရိဘောဂသည်အလွန်ဖြတ်
၏။ထို့ကြောင့် ထိုသာမိပရိဘောဂကိုတောင့်တသောရဟန်းသည်ကား
ဆိုအပ်ခဲ့ပြီးသောအပြားအားဖြင့်ပစ္စည်းလေးပါးကိုပစ္စယေက္ခဏာဆင်ခြင်
၍ပစ္စည်းလေးပါးကို သုံးဆောင်သဖြင့် ဒါယဇ္ဇပရိဘောဂကို ပြည့်စုံစေ
သဖြင့် ပစ္စယသန္နိဿိတသီလကို ပြည့်စုံစေအပ်၏။ ထိုသို့ ပစ္စယေက္ခ
ဏာကိုဆင်ခြင်ရာ၌လည်း။ ။စီဝရံပရိဘောဂေပရိဘောဂေ ပစ္စယေက္ခိ
တပ္ပံ။ပိဏ္ဍာပါတော အာလောပေ အာလောပေ တထာ အသက္ကောန္တော
နပုရေဘတ္တာပန္နာဘတ္တာပုရိမယာမ ပန္တိမယာမေသုသစသအပစ္စယေက္ခ
တောဝ အရုဏံဥဂ္ဂန္တိ။ ဿုဏာပရိဘောဂဉ္စာနေ တိဋ္ဌတိ။ သေနာသနဂိ
လာနပရိဘောဂေပရိဘောဂေ ပစ္စယေက္ခိတပ္ပံ။ ဟူ၍ ဝိသုဒ္ဓိမဂ်၌မိန့်အပ်သော
သက်နှံး၊ဆွမ်း၊ ကျောင်း ၌ပစ္စည်း သုံးပါးတို့၌ သုံးဆောင်သည့်ကာလ၊
မဆင်ခြင်မိသော် မွန်းမတည့်မိ ပုရေဘတ္တာအခါ၌ငုင်း မွန်းလွဲပြီးဖြစ်သော
ပန္နာဘတ္တာအခါ၌ငုင်း ညဦးယံသန်းခေါင်ယံ မိုးသောက်ယံတို့တွင် တပါး
ပါးသောယံ၌ငုင်းဆင်ခြင်ရာ၏။ သုံးဆောင်သော် အကြွင်မဲ့ဝေါဘင်ခြင်
ခြင်ခြင်းဌါမတတ်နိုင်မူ တနေ့သုံးဆောင်သောအစာအာဟာရကိုရည်၍
တနေ့၌လေးကြိမ်ငုင်း၊သုံးကြိမ်ငုင်း၊နှစ်ကြိမ်ငုင်း၊တကြိမ်သော်ငုင်း ဆင်
ခြင်အပ်၏။ ထိုသို့မဆင်ခြင်သော ရဟန်းအား အရုဏ်တက်သည်ဖြစ်အံ့
ဿုဏာပရိဘောဂအရာ၌တည်၏။ ထို့ကြောင့်၊တထာအသက္ကောန္တေန ယ
ထာဝုတ္တကာလပရိသေသဝသေန ဇကော်ဠိဝဝသေစတုက္ခတ္တုံ၊ တိက္ခတ္တုံ၊
ဒွိက္ခတ္တုံ၊ သကိံယေဝဝါပစ္စဝေက္ခိတပ္ပံ။ သစသေ အပစ္စဝေက္ခဏော အရု
ဏောဥဂ္ဂန္တိ။ဿုဏာပရိဘောဂဉ္စာနေ တိဋ္ဌတိ။ဟုဝိနယာလက်ာရဋ္ဌိကာ
ဒွိမိန့်အပ်ပြီ၊ ဝိသုဒ္ဓိမဂ်မဟာဋီကာ ၌လည်း သေနာသနံ ပရိဘောဂေ ပရိ
ဘောဂေတိ ဥဒကပတာနဋ္ဌာနတော အန္တောပဝေသနဿ နိသိဒနသယ
နေသု-ဟု နည်းတူပင်မိန့်အပ်၏။ ။ဆေးပစ္စည်း၌ကား ဘေသဇ္ဇသပဋိဂ္ဂ
ဟဏေဝိ ပရိဘောဂေဝိ သတိဖစ္စယတာဝဝဋ္ဋတိ။ဟူ၍ဝိသုဒ္ဓိမဂ်၌မိန့်အပ်
သော်ကြောင့်၊ဆေးပစ္စည်းကိုဒကင်ခံသောကာလ၌ငုင်းသုံးဆောင်သော
ကာလ၌ငုင်း ပစ္စဝေက္ခဏာသတိရှိသည်၏ အဖြစ်သည်သာလျှင် အပ်၏။
ထိုကြောင့်၊ဝိနယာလက်ာရဋ္ဌိကာ၌လည်း။ သတိပစ္စယတာဝဝဋ္ဋတိတိပစ္စ

ဝေက္ခဏာသတိယာ ပစ္စယတံ လဒ္ဓုံဝဋ္ဋတိ ပဋိဂ္ဂဟဏေစ ပရိဘောဂေစ ပစ္စဝေက္ခဏာသတိ အဝဿံ လဒ္ဓဗ္ဗာတိ ဒသေတိ။ ။ဟာဝိန်းအာဝ်ပြီ။

ထိုသို့မိန်းအပ်သော်လည်းအကပ်ခံသောကာလပစ္စဝေက္ခဏာဖြင့်ဆင်ခြင်၍သုံးဆောင်သောအခါမဆင်ခြင်သော် ဂိကာလဘောဇန သိက္ခာပုဒ်ဖြင့်အန္တရာပတ်ဒုက္ကဋ်အာပတ်သင့်၏။ အကပ်ခံသောကာလမဆင်ခြင်မူ၍သုံးဆောင်သောကာလဆင်ခြင်သည်ရှိသော် ထိုအန္တရာပတ် ဒုက္ကဋ်မှ လွတ်၏။ထိုဒုက္ကဋ်မှသာ လွတ်သည်မဟုတ်ဣာဏပရိဘောဂလည်းမဖြစ်။ ထိုသို့မဖြစ်ခြင်းကြောင့်ပါတိမောက္ခသံဝရသိလပစ္စယသန္နိဿိတသိလနှစ်ပါးသည်ပြည့်စုံခြင်းသို့ရောက်၏။ ထို့ကြောင့်ဆေးပစ္စည်းကို သုံးဆောင်သော ရဟန်းသည် သုံးဆောင်ဆဲ ပစ္စုပ္ပန်ကာလ၌သာ ဆင်ခြင်၍ သုံးဆောင်အပ်၏။မဆင်ခြင်မူ ဆိုအပ်ခဲ့ပြီးသော ဒုက္ကဋ်အာပတ်သို့ရောက်၍ ပါတိမောက္ခသံဝရသိလပျက်၏။ နောက်မှဆင်ခြင်သော် ပစ္စယသန္နိဿိတသိလပြည့်စုံခြင်းသို့ ရောက်သေး၏။ အရဏ်တက်သောကာလမှစ၍ မွန်းမတည့်မိအတွင်း၌ဆေးအကျိုးငါ အကပ်ခံသောသတ္တာဟကာလိက ယာဝကာလိကတို့ကိုဂင်းဝိပါသန္တေဒနအကျိုးငါအကပ်အပ်သောယာမကာလိကအဖျော်ကိုဂင်း။နေမလွဲမီသုံးဆောင်သည်ရှိသော်လည်းဂိလာနကိုပင်ဆင်ခြင်၍ သုံးဆောင်အပ်၏။ မဆင်ခြင်မိသော်လည်း ဂိကာလဘောဇန၊ သန္နိဓိသိက္ခာပုဒ်တို့ဖြင့် အန္တရာပတ် ဒုက္ကဋ်အာပတ်သင့်၏။ ထိုသို့မဟုတ် ဂိလာနကိုပင်ဆင်ခြင်၍ သုံးဆောင်သော်လည်း ဂိကာလဘောဇန၊ သန္နိဓိသိက္ခာပုဒ်တို့ဖြင့် အန္တရာပတ် ဒုက္ကဋ်အာပတ်သင့်၏။ ထိုကာလိကသုံးဖက်တို့ကို နံနက် အရဏ်တက်သည်မှ မွန်းမတည့်မိအတွင်း၌ ဆေးအကျိုး ယဝကာလိကအကျိုးငါ အကပ်ခံပြီး၍ မွန်းမတည့်မိ ကာလ၌အာဟာရအကျိုးငါဂင်း။

ဆွမ်းစသော အာမိသတို့နှင့်ရောရှင်းသုံးဆောင်သော်လည်း အာပတ်မသင့်။ နေလဲသောကာလ၌အာဟာရ အကျိုးငှါ သုံးဆောင်သော် ဝိကာလဘောဇန ဉီကွာပုဒ်ဖြင့် ဒုက္ကဋ်အာပတ်သင့်၏။ အကြောင်းမရှိဘဲ ပစ္စဝေက္ခဏာဆင်ခြင်၍ သုံးဆောင်သော်ငင်း အကြောင်းရှိသော်လည်း ပစ္စဝေက္ခဏာ မဆင်ခြင်ဘဲ သုံးဆောင်သော်ငင်း အာဟာရကို သုံးဆောင်သည်နှင့် တစိတ်အားဖြင့် တူသောကြောင့် ဝိကာလဘောဇန ဆိကွာပုဒ်ဖြင့် ဒုက္ကဋ်အာပတ်သင့်၏။ ယာမကာလိကဖြစ်မူ အကြောင်းရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ အာဟာရအကျိုးငှါ သုံးဆောင်သည်ဖြစ်စေ ဝိပါသဆွဲဒန အကျိုးငှါ သုံးဆောင်သည်ဖြစ်စေ ပစ္စဝေက္ခဏာ ဆင်ခြင်၍ ငင်းမဆင်ခြင်ဘဲငင်း သုံးဆောင်သည်ဖြစ်စေ တည်ဋ္ဌလွန်ပြီး၍ နံနက်ကာလသုံးဆောင်သော် သန္နိဓိသိကွာပုဒ်ဖြင့် ဒုက္ကဋ်သင့်၏။ ယွန်းလွဲသောကာလ၌ ထိုဆိုအပ်ခဲ့ပြီးသော နည်းဖြင့် သုံးဆောင်သော် ဝိကာလ ဘောဇန သန္နိဓိသိကွာပုဒ်တို့ဖြင့် ဒုက္ကဋ်သင့်၏။သတ္တာဟကာလိကကို ၇-ရက်ကိုလွန်သော်နိသဂ္ဂိပါစိတ်အာပတ်သင့်၏။မသုံးဆောင်ရ၊သုံးဆောင်သောရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏။ ။ထိုသတ္တာဟကာလိကကို နေမလွှဲသုံးဆောင်ခြင်း နေလွဲပြီးသောကာလ၌အာဟာရအကျိုးငှါ သုံးဆောင်ခြင်း အကြောင်းမရှိဘဲ ပစ္စဝေက္ခဏာကို ဆင်ခြင်၍ သုံးဆောင်ခြင်း အကြောင်းရှိသော်လည်း ပစ္စဝေက္ခဏာကို မဆင်ခြင်ဘဲ သုံးဆောင်ခြင်းတို့ကို ဥဒ္ဒေးနည်းအတူမှတ်အပ်၏။ ယာဝဇီဝကဒွိ သတ္တာဟကာလိကနည်းတူ ပင်ကာလအရှည်အတိုကိုပိုင်းခြား၍အာပတ်သင့်မသင့်ကိုမှတ်အပ်၏။

ပုရိယာယ် ဩဘာသ နိမိတ္တ သာမန္တာဇီဝ ဝိညတ် ကယဝိကွယ ရွှပိ-ယာဒိပဋိဂ္ဂဟအာဘုတာရောစနအစရှိသည်ဟုဆိုအပ်ကုန်သောပရိယာယ်ဆို၍ရသောပစ္စည်းအရိပ်အယောင်ဆို၍ရသောပစ္စည်းနိမိတ်ပြု၍ရသောပစ္စည်း ပစ္စည်းအနိုးနှင့်စပ်သောစကားကိုဆို၍ ရသောပစ္စည်းတောင်း၍ရသောပစ္စည်း ရောင်းဝယ်၍ရသောပစ္စည်း ဩဇဉ္စကိုခံခြင်းသာယာခြင်းတို့ဖြင့် ရဲသောပစ္စည်း မဟုတ်မမှန်သော ဥတ္တရိမနုဿဓမ္မ အစရှိသောဗိမိန္ဒ ထင်ရှားမဲ့ရဲသော ဂုဏ်ကိုပြောဟော၍ ရသောပစ္စည်း ဤသို့အစရှိသောပစ္စည်းတို့သည် မစင်ကြယ်သောတရားနှင့်မလျော်သော အပရိသုဒ္ဓ

အဓမ္မိယ မည်ကုန်၏။ ထိုပစ္စည်းတို့ကို ရဟန်းသာမဏေတို့သည် သုံးဆောင်ခြင်းငှါ မထိုက်ကုန်။ သုံးဆောင်သော ရဟန်းသာမဏေတို့အား ဒုက္ကဋ်အာပတ်သင့်ခြင်း ဒဏ်ထိုက်ခြင်းသို့ရောက်ကုန်၏။ ဗစ္စဝေက္ခဏာ ဆင်ခြင်သေ်လည်း စင်ကြယ်ခြင်းသို့ မရောက်သည်ဖြစ်၍ ဆင်ခြင်ခြင်းငှါမထိုက်ကုန်၊ဆင်ခြင်၍လည်းမရဏကုဏပရိဘောဂဟူ၍လည်းမဆိုအပ်။ စင်စစ်အားဖြင့်မဟာသာဝဇ္ဇဖြစ်၍အပြစ်ကြီးသည်သာတည်း။ထိုကြောင့် ပစ္စည်းကိုရှာမှီးသောကာလ၊ခံသောကာလ၊သုံးဆောင်သောကာလတို့၌ အလွန်စင်ကြယ်သောပစ္စည်းတို့ကို ရှာ၍ခံ၍ပစ္စဝေက္ခဏာဆင်ခြင်၍ သုံးဆောင်ကုန်ရာ၏။ ဤသို့ဖြစ်မှသာလျှင် ပစ္စယသန္နိဿိတသိလ ပြည့်စုံ၍ အာဇီဝပါရိသုဒ္ဓိသိလပြည့်စုံခြင်းသို့ရောက်၏။အာဇီဝသည်လည်းဝိရိယသမ္မာအာဇီဝ ဝိရတိသမ္မာအာဇီဝ စေတနာသမ္မာအာဇီဝအားဖြင့်သုံးပါးအပြားရှိ၏။ ထိုသုံးပါးတို့တွင် မစင်ကြယ်သောပစ္စည်းကို မရပါစေလင့်။ စင်ကြယ်သော ပစ္စည်းကိုသာ ရပါစေဟု ပစ္စည်းကို ရှာသောအခါ စင်ကြယ်အောင်အားထုတ်၍ရှာခြင်းသည် ဝိရိယသမ္မာအာဇီဝမည်၏။မစင်ကြယ်သောပစ္စည်းကိုရ၍ မခံမူ၍ပယ်စွန့်ခြင်းသည်၎င်း မသုံးဆောင်မူ၍ ပယ်စွန့်ခြင်းသည်၎င်း၊ ဝိရတိသမ္မာ အာဇီဝမည်၏။ စင်ကြယ်စွာ အားထုတ်၍ ရှာမှီးသဖြင့်စင်ကြယ်စွာရသောပစ္စည်းကိုစင်ကြယ်၏ဟုအမှတ်ရှိ၍သုံးဆောင်သောအခါ၌ ဖြစ်သောကုသိုလ်စိတ္တုပ္ပါဒ်၌ ရှိသောစေတနာသည် စေတနာသမ္မာအာဇီဝမည်၏။ ။ထိုသုံးပါးသော အကြောင်းတို့ကြောင့်ဖြစ်သောပစ္စည်းတို့သာလျှင် ပစ္စဝေက္ခဏာဆင်ခြင်ခြင်းငှါ ထိုက်ကုန်၏။မတရားသဖြင့်ရှာမှီး၍မတရားသဖြင့်ရသောပစ္စည်းတို့သည် ပစ္စဝေက္ခဏာဆင်ခြင်ခြင်းငှါမထိုက်ကုန်။ ထို့ကြောင့်တရားသဖြင့် ပစ္စည်းကိုရှာ၍တရားသဖြင့်ရသောပစ္စည်းတို့ကို ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ပစ္စဝေက္ခဏာသတိကို မကင်းစေမူ၍ အသင့်အားဖြင့် ဆင်ခြင်၍ ပစ္စယသန္နိဿိတသိလကိုပြည့်စုံစေခြင်းငှါ သုံးဆောင်မှိဝကုန်ရာ၏ဟူလိုသော။

သမ္မာအာဇီဝန္တိ ဇေတနာတိသမ္မာအာဇီဝေါ။ ။ဇေတနာ၊ထိုသမ္မာအာဇီဝဖြင့်။ဝေါ၊ဝိရတိဖြင့်။ဝေါ၊စေတနာဖြင့်။သမ္မာ၊ကောင်းစွာ။ အာဇီဝန္တိ၊အသက်မွေး တတ်ကုန်၏။ ဣတိဟာသဉ္စာ၊ ဣဓိသိက္ခိ ကောင်းစွာ အသက်မွေး

ကြောင်းဖြစ်သော သတ္တိကြောင့်။ ဇတေနာတိပဒေန၊ဇတေန ဟူသောပုဒ်ဖြင့်။နိဒ္ဒိဋ္ဌော၊သော။ သောဝိရိယဝိရတိစေတနာဝမ္မော။ ထိုဝိရိယ၊ ဝိရတိ၊ စေတနာသုံးပါးအပေါင်းသည်။ သမ္မာအာဇိဝေါ၊မည်၏။ ။ဝိပါသဝေ. လည်သော ဂူပသမနတောပါနိယဖွဲ့ ဂိလာနုပစ္စယောတိ အာပမုခေန ဒဿိတံဂိလာနုပစ္စယံ။ ။ဝိပါသဝေလည်သော၊ရေသိပ်ခြင်းတည်းဟူသော အနာ၏။ဂူပသမနတော၊ငြိမ်းခြင်းကြောင့်။ပါနိယဖွဲ့၊ရေကိုလည်း။ဂိလာနုပစ္စယောတိ၊ဂိလာနုပစ္စယဟူ၍။ အာပမုခေန၊ရေကိုအရင်းမူသဖြင့်။ဒဿိတံ၊ပြအပ်သော။ဂိလာနုပစ္စယံ၊ ဆေးပစ္စည်းကို။ ။ဤသို့ပြအပ်သည်နှင့်အညီ အနှို့သောအရှင်တို့သည် ရေကိုသုံးဆောင်သောကာလ ဂိလာနကိုဆင်ခြင်၍ သုံးဆောင်ရမည်ဟူကုန်၏။ ။ဆေးပစ္စည်းနှင့်တူသည်၏ အဖြစ်ကိုသာလျှင် ထိအပ်၏။ ပစ္စယေကွဏာ မဆင်ခြင်ခြင်းကြောင့် အာပတ်လည်းမသင့်။ဣရိယာပထိဘောဂလည်းမဖြစ်။အဘဲ့ကြောင့် နည်းဟူမူကား ကာလိကလေးပါးတို့ဝင်ရောက် တပါးပါးမျှ၌ မပါမဝင်သည်၏အဖြစ်ကြောင့်တည်း။ ။ဆင်ခြင်လျှင် အကျိုးမရှိလော ဟူငြားအုံ။အကျိုးရှိ၏။ အကျိုးကိုအလိုရှိ၍ ဆင်ခြင်လိုမူ။ ။အသိတေဒိတေခါယိတေသောယိတော သဒ္ဒဓာနကာရိ ဟောတိဟူ၍ မဟာသတိပဋ္ဌာနသုတ်၌ လာသော နည်းဖြင့် ဆင်ခြင်ရာ၏။ ။ဝစ္စကုဋိပသာဝကုဋိတို့ကို သုံးဆောင်သောကာလ [illegible] လည်း ဥစ္စာရပသာဝကမျှသမ္ဖဓာနကာရိဟောတိ။ ။ဟူ၍မဟာဒ ပဋ္ဌာနသုတ်၌ လာသောနည်းဖြင့် ဆင်ခြင်ရာ၏ဟု ဆရာကြီးဆရာမြတ်ကျမ်းတတ် ပုဂ္ဂိုလ်ကျော်တို့ မိန့်ဆိုတော်မူကြကုန်သည်။ ။ပစ္စယေကွဏာလေးပါး ပါဠိအနက်နှင့်အဓိပ္ပါယ်ကားပြီး၏။

ဤတွင်ရှေ့ ပစ္စယေကွဏာဂဏ္ဌိ ပြီးပြီ။